


အရေးအသား ရှင်းပြတ်သည်။
ပေါ်လွင်ထိရောက်သည်။ ဆွဲဆောင်စွမ်းရှိသည်။
ထို့ပြင် နှစ်လိုဖွယ်ရာသော အမျိုးသမီးကောင်းများလည်း မပါရှိ။
ဆွေးမြေ့ဖွယ်ရာ ရှိုက်ညည်းခြင်းများလည်း မရှိ။
အံ့ဖွယ်သရဲဖြစ်သော သူရဲကောင်းများလည်း မတွေ့ရ။
ရိုးမပေါ်ရှိ ကရင်တိုင်းရင်းသားလူမျိုးများ၏
ဂျပန် ဆန့်ကျင်ရေးတိုက်ပွဲအကြောင်းကို ဉာဏ်ပုံစံမျိုးဖြင့်
ဝတ္ထုရေးနိုင်သည်မှာ အံ့ဩစရာဖြစ်သည်။
ဗန်းမော်တင်အောင်၏ စာပေစုတွင် ထူးသီးတသန့်သော မှတ်တိုင်ဖြစ်သည်။
ထို့ပြင် တောင်ပေါ်သားတို့၏ တောဝိယာလုပ်ငန်း၊ စီးပွားရေးအခြေအနေ၊
ဖက်ဆစ်ဆန့်ကျင်ရေး စိတ်ဓာတ်ရင့်သန်လာပုံကို ပေါ်လွင်ပီသရုံမျှမက
ဖွဲ့ဆောင်ခြင်းအပြည့်ဖြင့် ပြနိုင်သည်မှာလည်း
ဝတ္ထုရေးသူများ၊ ဝတ္ထုအကြောင်း သုတေသနပြုနေသူများ
ဂရုပြုရမည့် အချက်တစ်ချက်ဖြစ်သည်။

မလိခ



ISBN 9789997135803
BMT29
9 789997 135803
MMK 7,500.00

mgyoe.com SAMPLE BOOK

ရိုးမတိုက်ပွဲ၊ ဗန်းမော်တင်အောင်
မျက်နှာဖုံးပန်းချီ - မှတ်သုံ
စာမျက်နှာ ၁၈၃ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇန်နဝါရီလ၊ ပဉ္စမအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၂၊ သင့်စာပေ၏ ဒုတိယအကြိမ်မူနှင့်
၂၀၂၀၊ မြန်မာ့စာအုပ်တိုက်၏ စတုတ္ထအကြိမ်မူ
[ပထမအကြိမ်- ၁၉၆၃၊ သန်းစာပေ
တတိယအကြိမ်- ၂၀၁၂၊ ရာပြည့်စာအုပ်တိုက်]

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK



၁၉၆၃၊ ပန်းချီစန်းလွင်၏ လက်ရာနှင့်
ပထမအကြိမ်ထုတ် မျက်နှာဖုံး




ဒုတိယအကြိမ်




တတိယအကြိမ်




စတုတ္ထအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


– စာရေးသူ၏အမှာ ၃

၁။ မင်းပြောင်းမင်းလွဲ ၇

၂။ ရိုးမတောင်တန်း ၃၁

၃။ ကင်ပေတိုင်နှင့် ဘီအိုင်အေ ၄၈

၄။ တောင်ပေါ်နှင့် မြေညီ ၆၃

၅။ တောင်ပေါ်ရွာ ၇၉

၆။ ရိုးမအကျဉ်းသမားများ ၉၀

၇။ ထွက်ရပ်လမ်း ၁၂၆

၈။ သေရေးရှင်ရေး ၁၄၈

၉။ ရိုးမတိုက်ပွဲ ၁၆၃

၁၀။ မပြီးဆုံးသေးသော စစ်ပွဲ ၁၇၅


❑

mgyoe.com

mgyoe.com SAMPLE BOOK

ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့စစ်ပွဲကြီးဖြစ်သည့်
ဂျပန်တော်လှန်ရေးကို မမီလိုက်ကြသဖြင့်
ထိုစစ်ပွဲကြီး၏ အကြောင်းအရာနှင့် အဖြစ်အပျက်များကို
ည အိပ်ရာဝင်သောအခါများတိုင်း
ပုံအပြောခိုင်းသလို မကြာခဏ တောင်းဆိုခိုင်းစေလေ့ရှိသော
ဗဟိန်းအောင်နှင့် ကျော်ဇောအောင် တို့
ညီအစ်ကိုနှစ်ယောက်အတွက် ဤစာအုပ်ကို ရေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏အမှာ

ဒုတိယကမ္ဘာစစ်ကြီး၏ကာလဖြစ်သော ခရစ်နှစ် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်များအတွင်း သုံးနှစ်သာသာခန့်မျှ ဂျပန်လက်နက်ကိုင်တပ်များသည် မြန်မာနိုင်ငံအား သိမ်းပိုက်အုပ်စိုးလျက် မြန်မာတစ်မျိုးသားလုံးကို ရိုင်းရိုင်းစိုင်းစိုင်း ညှဉ်းပန်းနှိပ်စက်ကာ ပြင်းပြင်းထန်ထန် ကျွန်ပြုခဲ့ကြလေသည်။

ယင်းသို့ ဂျပန်လက်နက်ကိုင်တပ်များ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်စိုးလျက် မြန်မာအမျိုးသားများကို ကျွန်ပြုသော အချိန်ကာလအား မြန်မာနိုင်ငံသမိုင်း၏ 'မှောင်ကျသော ကာလ' ဟူ၍ မှတ်တမ်းတင် ခေါ်ဝေါ်ကြရလိမ့်မည် ထင်ပေသည်။

'အာရှတိုက် သာတူညီမျှရေး' ဟူသော ကြွေးကြော်သံ လိမ်လည်ချက်ကြောင့် ဂျပန်တို့ကို အားကိုးယုံစားခဲ့ကြသော မြန်မာအမျိုးသားအများအပြားသည် ကျောအချခံရတော့မှပင် ဂျပန်တို့ကို ဓားပြများအဖြစ်ဖြင့် နားလည်သိမြင်ကြ

mgyoe.com

သောအချိန်တွင် ဂျပန်ဖက်ဆစ်များနှင့် ကင်ပေတိုင်ခေါ် စစ်အာဏာပိုင်များသည် မြန်မာအမျိုးသားများအား ကောင်းစွာနဖားထိုးပြီးလေပြီ။ ယားရှ်မျှပင် မလှုပ်ရှားဝံ့ မလှုပ်နိုင်သောဘဝအခြေအနေတွင် ဖြစ်နေလေပြီ။

မည်သို့ပင်ဖြစ်စေကာမူ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံလျက် သူရသတ္တိလည်းရှိကြသော ဖက်ဆစ်ဆန့်ကျင်ရေးခေါင်းဆောင်ကြီးများက မလှုပ်ရှားဝံ့၊ မလှုပ်နိုင်လောက်အောင်ဆိုးရွားကျပ်တည်းလှသော ဂျပန်စစ်ဖိနပ်အောက်မှ မြန်မာအမျိုးသားများကို ရွေးနုတ်ကယ်တင်ရန် လှုံ့ဆော်စည်းရုံးခဲ့ကြလေသည်။ သက်စွန့်ဆံဖျား ဆောင်ရွက်ခဲ့ကြလေသည်။ ယင်းကြောင့် မြန်မာအမျိုးသားများသည် ဂျပန်လက်နက်ကိုင်တပ်များကို ရဲရဲရင့်ရင့် ထကြွတိုက်ခိုက်လျက် မိမိတို့ကိုယ်ကို မှောင်ကျနေသော သမိုင်း၏ကာလမှ လွတ်မြောက်စေခဲ့ကြလေသည်။

ယင်းသို့ မြန်မာအမျိုးသားများက ဖက်ဆစ်ဂျပန်တို့ကိုတိုက်ခိုက်ခဲ့ကြသော အကြောင်းအရာနှင့် အဖြစ်အပျက်များကိုလည်း အက္ခရာတင်သူများကတင်လျက် မော်ကွန်းထိုးသူများကလည်း ထိုးခဲ့ကြလေသည်။

သို့ရာတွင် ဤ 'ရိုးမတိုက်ပွဲ' အကြောင်းသည် လူသိအင်မတန်နည်းပါးလှသော သင်တိုင်းဝတ် တောင်ပေါ်ကရင်အမျိုးသားများ၏ ဂျပန်ဆန့်ကျင်ရေးစစ်ပွဲကလေးတစ်ပွဲ၏အကြောင်းအရာ အဖြစ်အပျက်မျှသာ ဖြစ်လေသည်။ ထိုအဖြစ်အပျက် အကြောင်းအရာနှင့် စစ်ပွဲအကြောင်းကိုမော်ကွန်းရေးထိုးခြင်း မပြုကြသေးသည့်အတွက် ၁၈ နှစ်

mgyoe.com

mgyoe.com SAMPLE BOOK

ခန့်မှု ကြာမြင့်ခဲ့ပြီးမှ စာရေးသူက မော်ကွန်း ရေးထိုးရန် အားထုတ်တင်ပြလိုက်ခြင်းမျှသာဖြစ်ပါသတည်း။

ဗန်းမော်တင်အောင်

*

mgyoe.com

.mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# မင်းပြောင်းမင်းလွဲ

## (၁)

ဆောင်းရက်များသည် လုံးလုံးလျားလျားကြီး မကုန်စင်တတ်သေး သော်ငြားလည်း နွေကတော့ဖြင့်မူ သစ်မှန်းမသိ တစ်စထက်တစ်စ သစ်လျက်ရှိလေပြီ။ နှင်းကြွင်းနှင်းကျန်များသည် ရိုးပြတ်များနှင့် မြက်ခင်းပြင်များတွင် လိမ်းကျံစွတ်စိုလျက် ရှိနေကြ၏။ သို့ရာတွင် မြေကြီးမူကား ပပ်ကြားအက်စပြုလေပြီ။ သံလေးသံတွဲ့နှင့် ခွန်းထောက်လျက်ရှိသော ဥသြငှက်တွန်မြည်သံကိုလည်း မသဲမကွဲ ကြားရစပြုလေပြီ။

တစ်ချက်တစ်ချက်တွင် တောင်လေလား၊ မြောက်လေလား ခွဲခြား၍မရနိုင်သော လေရူးသည် အရှေ့ဘက်ဆီကလိုလို၊ အနောက်ဘက်ဆီကလိုလို ဟိုဝှေ့သည်ယမ်းနှင့် တရကြမ်းတိုက်ခတ်လာတတ်လေသည်။ ထိုကဲ့သို့ လေရူးဝှေ့သွားသောအခါများတိုင်း ညာတံရင့်ညောင်းနေသော ရွက်အိုရွက်ဟောင်းများသည် မူလပင်စည်ပင်မကြီးများမှ ပြုတ်ထွက်ကာ လေအလျဉ်တွင် တလွင့်လွင့်မျောပါသွားတတ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

ရိုးမတွင် ချောင်းဖျားကိုက်ထားသော ခပေါင်းသည် ကျောက်တုံးကျောက်ဆောင်များနှင့် မိုးမခပင်များကို တိုးကာဝှေ့ကာနှင့်ပင် ၎င်း၏ရေစီးကြောင်းအတိုင်း မရပ်မနား ခုန်ပေါက်စီးဆင်းလျက်ရှိလေသည်။ ခပေါင်းရေသည် ကျောက်တုံးကျောက်ဆောင်များကို တိုးဝှေ့ စီးဆင်းရသောအခါများတွင် အနက်မထင်သော တေးတစ်ပုဒ်ကို သီဆို၍ သွားတတ်လေသည်။ ထိုအခါများ၌ ရေစီးကြောင်းလယ်မှ မိုးမခပင်များသည် ယိမ်းကနေတတ်ကြလေသည်။

ခပေါင်းချောင်းကမ်းပါးရှိ ရွက်အိုရွက်ဟောင်းများ ကြွေလဲလွင့်စဉ်နေသော ကျွန်းပင်ရင်းတွင် ခြေပစ်လက်ပစ်ထိုင်ကာ ထွန်းနိုင်သည် ကျောက်တုံးကျောက်ဆောင်များနှင့် မိုးမခပင်များအကြားတွင် တိုးကာဝှေ့ကာနှင့် မရပ်မနားစီးဆင်းနေသော ချောင်းရေကို ငေးမောကြည့်ရှုနေသည်။ သူသည် အနက်မထင်သော ခပေါင်းချောင်း၏ တေးသံ၌ပင် ငိုက်မျဉ်းနေလေသလော၊ သို့တည်းမဟုတ် မိုးမခပင်များ၏ ညီညာလှပသော ယိမ်းအကကို စွဲလမ်းတပ်မက်နေလေသလော။

အချိန်မှာ နေဝင်ဖျိုးဖျအချိန်ဖြစ်လေသည်။ သို့ရာတွင် နေဝန်းသည် ကမ္ဘာမြေပြင်မှ ၎င်း၏ ရောင်ခြည်အကြွင်းအကျန်များကို ရှင်းလင်းကုန်စင်အောင် သိမ်းဆည်းခြင်းမပြုသေးချေ။ ထို့ကြောင့်လည်း ဆည်းဆာသည် တောက်စား၍နေလေသည်။

မရပ်မနားစီးဆင်းနေသော ခပေါင်းချောင်းရေကို အတန်ကြာမျှ မလှုပ်မယှက်ထိုင်ကာ ငေးမောကြည့်ရှုလျက်ရှိရာမှ ထွန်းနိုင်သည် တစ်စုံတစ်ရာကို ပင်ပင်ပန်းပန်း စဉ်းစားခြင်းပြုနေရသကဲ့သို့ သက်ပြင်းကို လေးလေးပင်ပင် ချလိုက်လေသည်။ ထို့နောက် သူ၏ဦးခေါင်းကိုလည်း ခါယမ်းခြင်းပြုနေလေသည်။

mgyoe.com

mgyee.com SAMPLE BOOK


ထိုအခိုက် အရှေ့ဘက်ဆီကလိုလို အနောက်ဘက်ဆီကလိုလိုနှင့် လေရူးသည် ထကြွတိုက်ခတ်ပြန်သည်။ ယင်းသို့ လေရူးက ဟိုတိုး သည်ဝှေ့နှင့် ခုန်ပေါက်တိုက်ခတ်သွားသောကြောင့် ခပ်စောစောက ချောင်းတစ်ဖက်ကမ်းတွင် ငိုက်မျဉ်းငြိမ်သက်နေကြသော ကျူဝါးရုံပင် များသည် ဟိုယိမ်းသည်နွဲ့နှင့် ထကြွလှုပ်ရှားလာကြလေသည်။ ယင်းသို့ ဝါးပင်များ မငြိမ်မသက် လူးလာကြသည့်အတွက် ခပ်စောစောက ထိုဝါး ရုံပင်များ၏ဘေးတွင် တစ်ညတာမျှ ကွန်းခိုရန်အတွက် ခိုအောင်းနေ ကြသော ခရောင်းငှက်များသည် လန့်ဖျပ်၍ ပျံသန်းကြလေသည်။

ခပေါင်းချောင်းရေကို ငေးမောကြည့်ရှုနေရာမှ အိပ်တန်းတက်ချိန် တွင်ပင် ငြိမ်သက်ခြင်းမရရှိနိုင်ကြရှာသေးသော ခရောင်းငှက်များကို ထွန်းနိုင်သည် လှမ်း၍ကြည့်လိုက်မိသည်။ ခရောင်းငှက်များသည် ၎င်း တို့၏ငြိမ်သက်ခြင်းကို အချိန်မဲ့ လာရောက်နှောင့်ယှက်သွားသော လေရူး အား ဆူဆူညံညံ ကျိန်ဆဲနေကြဟန်ရှိပေသည်။

ချောင်းတစ်ဖက်ကမ်းတွင် ပေါက်ရောက်နေသော ကျူဝါးရုံများ အကြားတွင် ခရောင်းငှက်များသည် ငြိမ်သက်သွားကြသောအခါ ထွန်းနိုင် သည် မရပ်မနားစီးဆင်းနေသော ခပေါင်းရေကို လှမ်း၍ကြည့်နေလိုက် ပြန်သည်။ သို့သော် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားတွေး တောနေပြန်လေသည်။

မိုးယံဝတွင် တိမ်တို့သည် တောက်ပနေကြပေသည်။ တိမ်နီ၊ တိမ်ဝါနှင့် တိမ်ငွေနားတို့သည် တစ်တိုက်နှင့်တစ်တိုက် ရောထွေးယှက် တင်လျက် ရှိကြပေသည်။ ကောင်းကင်မှ ရိုက်ခတ်နေသော တိမ်များ ကြောင့် ထွန်းနိုင် ခြေပစ်လက်ပစ်ထိုင်နေသော ခပေါင်းချောင်းကမ်းပါး တစ်ပိုက်တွင် လင်းနေပေသည်။ သို့ရာတွင် ထွန်းနိုင်သည် ဆည်းဆာ တောက်ကာ သာယာလှပလျက်ရှိနေသော ၎င်း၏ပတ်ဝန်းကျင်ကို အမှု

mgyee.com

mgyoe.com


မထားမိချေ။ သူသည် တဝေါဝေါစီးဆင်းနေသော ချောင်းရေကိုသာလျှင် ငေးမောကြည့်ရှုနေပေသည်။ ထိုသို့ကြည့်ရှုရင်း သူ့အဖို့ မစဉ်းစားလျှင် မဖြစ်တော့သော ကိစ္စတစ်ခုကို လေးလေးနက်နက်စဉ်းစားနေသည်။ ခုနစ်စဉ်အမျှင်တန်း တွေးတောနေပုံလည်း ရလေသည်။

သူထိုင်နေသော ကျွန်းပင်ရင်းနှင့် ချောင်းကမ်းပါး၏ အနီးအနား တစ်ဝိုက်တွင် လူသူတစ်စုံတစ်ယောက်မျှ မရှိချေ။ သစ်ပင်ဝါးပင်နှင့် တောငှက်တိရစ္ဆာန်များသာ ရှိကြလေသည်။ ထိုကဲ့သို့သော သဘာဝ၏ ပတ်ဝန်းကျင်တွင် ထွန်းနိုင်သည် တစ်ယောက်တည်း ခြေပစ်လက်ပစ် ထိုင်ကာ ငေးမိငေးရာငေးရင်း ဘာတွေစဉ်းစားနေသနည်း။ မည်သည့် အရေးအခင်းနှင့် အကြောင်းကိစ္စကို ထိုမျှလောက် လေးလေးနက်နက် စဉ်းစားနေရသနည်း။

ထွန်းနိုင်သည် သက်ပြင်းကို ခပ်လေးလေးချပြန်ရင်း သူ၏ ဦးခေါင်းကို ကုတ်ဖွလိုက်လေသည်။ ထို့နောက် ခရီး ၅၀၀ တွင်းသာသာ ခန့်လောက်တွင် ညို့မှိုင်းမှိုင်းနှင့် ငြိမ်သက်နေဟန်ရှိသော ကျောက်ပြင် သာရွာဘက်ဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်ပြန်လေသည်။ ကျောက်ပြင် သာရွာခေါ် ပြင်သာရွာကြီးကို သူသည် အတန်ကြာမျှ လှမ်းမျှော်ကြည့်ရှု နေရာမှ ဦးခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းလိုက်ပြန်သည်။ ပင့်သက် ကိုလည်း ရှူလိုက်လေသည်။

## (၃)

အဝေးမှ လှမ်းကြည့်လိုက်မည်ဆိုလျှင် ပြင်သာရွာကြီးသည် သရက်ပင်၊ မရန်းပင်များ အုံ့ဆိုင်းကာ ညို့ညို့မှိုင်းမှိုင်းနှင့် ငြိမ်သက် နေသကဲ့သို့ ထင်ရလေသည်။ သို့ရာတွင် ရွာဦးပိုင်းသို့ ဝင်ကြည့်လိုက် လျှင်ပင် ပြင်သာရွာကြီးသည် ငြိမ်သက်ခြင်းမရှိဘဲ လှုပ်လှုပ်ရှားရှားဖြစ်

mgyoe.com

 mgyoe.com SAMPLE BOOK 

နေသည်ကို တွေ့ရလိမ့်မည်သာ ဖြစ်ပေသည်။

ရွာလယ်ပိုင်းလောက်ဆီတွင်ရှိသော သူကြီးအိမ်မှ မောင်းထုသံကို အဆက်မပြတ်ကြားနေရသည်။ ပြင်သာရွာသည် အိမ်ခြေ ၂၀၀ ကျော်မျှ ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ရကား ရပ်ရေးရွာရေးကိစ္စ တစ်ခုခုဖြစ်လာတတ်သောအခါများတိုင်း အထူးအာဏာရသူကြီးမင်း ဦးတောက်ထိန်သည် ၎င်း၏ရုံးတော်သို့ ရွာသားများ တစ်အိမ်တစ်ယောက်ကျ လာရောက်ရန် မောင်းထု၍ ဆင့်ခေါ်လေ့ရှိသည်။ ယင်းသို့ အထူးအာဏာရ သူကြီးမင်းက မောင်းထုလိုက်လျှင် မည်သူတစ်ဦးတစ်ယောက်မျှ လွန်ဆန်ခြင်းမပြုနိုင်သည့်အလျောက် ရွာလယ်ပိုင်းရှိ စည်းရိုးကာ သွပ်မိုးနှစ်ထပ်အိမ်ကြီးသို့ သွားရောက်ခြင်းပြုကြရလေသည်။ သူကြီးမင်း၏ မောင်းသံကို မခံ့မညားလုပ်၍မဖြစ်ချေ။ ရွာဦးပိုင်းတွင်ရှိသော ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးကဝိသည်ပင် ၎င်းကျောင်းမှ ကပ္ပိယ ဦးရေချမ်းကို စေလွှတ်ခြင်းပြုရသည်အထိ ဖြစ်လေသည်။

ပြင်သာကျေးရွာသူကြီးမင်း၏ မောင်းသံသည် မြည်ဟည်းလျက်ရှိလေသည်။ အရေးအခင်းတစ်စုံတစ်ရာတော့ ပေါ်ပေါက်ပြန်လေပြီနှင့် တူပေသည်။ မည်ကဲ့သို့ အရေးအခင်းဆိုသည်ကိုကား ပြင်သာရွာသားများ မသိရှိကြရသေးပေ။ ရပ်ရေးရွာရေး ဖြစ်ချင်ဖြစ်မည်၊ မင်းရေးစိုးရေးလည်း ဖြစ်ချင်က ဖြစ်ပေမည်။ မည်သည့်အရေးအခင်းပင်ဖြစ်စေ ရပ်ရေးရွာရေးတော့ ဖြစ်ရလိမ့်မည်မှာ သေချာလှပေသည်။ မြို့မပုလိပ်ဌာနမှ စာသင် ကြီးတစ်ဦးနှင့် ပုလိပ်ခြောက်ယောက်ခန့်တို့ ကင်းလှည့်လာစဉ်ကပင် မောင်းထု၍ တစ်အိမ်လျှင် ရေတစ်အိုးကျစီ ဆင့်ဆိုဖူးသော သူကြီးမင်း ဦးတောက်ထိန်သည် ဗြိတိသျှဘုရင်ခံမင်းကြီးက အရေးပိုင်မင်းနှင့် မြို့အုပ်မင်းများထံမှတစ်ဆင့် ပေးအပ်ထားသော ၎င်း၏ မောင်းကြီးတစ်လုံးကို အကြောင်းမဲ့ကား မထုတန်ရာချေ။

mgyoe.com

mgyoe.com 
SAMPLE BOOK


မောင်းသံကို စ၍ကြားရကတည်းက ရွာသူရွာသားများသည် တလှုပ်လှုပ် တရွရွ ဖြစ်နေကြလေသည်။ အကြောင်းမည်သို့များ ထူးပြန်လေသနည်း။ ဆယ့်လေးငါးရက်ခန့်လောက်ကပင် အုတ်တွင်းနှင့် တောင်ငူတို့ဘက်လောက်ဆီမှ ဗုံးကြဲသံများနှင့် အမြောက်ပစ်သံများကို ကြားလိုက်ခဲ့ကြရသည်။ ဖြူးနှင့် တောင်ငူအကြားမှ အကြီးအကျယ် ခုခံကြသည်ဆိုသော အင်္ဂလိပ်နှင့် တရုတ်တပ်များသည် ရေတာရှည်နှင့် ပျဉ်းမနားဘက်သို့ပင် ဆုတ်ခွာထွက်ပြေးကြလေပြီလော။ ဂျပန်တပ်များသည် အုတ်တွင်းနှင့် တောင်ငူတို့ကို သိမ်းပိုက်လိုက်ကြလေသလော။ ဂျပန်လက်နက်ကိုင်တပ်များနှင့်အတူ မိစ္ဆာအင်္ဂလိပ်တို့ကို လက်တွဲတိုက်ခိုက်လျက်ရှိသည်ဆိုသော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည်ကော အုတ်တွင်းနှင့် တောင်ငူတို့ကို သိမ်းပိုက်ထားကြလေပြီလော။ မြန်မာနိုင်ငံမှ အင်္ဂလိပ်မိစ္ဆာကောင်များကို တိုက်ခိုက်ရှင်းလင်းပြီးနောက် မြန်မာအမျိုးသားများက နှစ်သက်လျက်ရှိသော လွတ်လပ်ရေးကို နောင်တော်နိပွန်များက အကယ်ပင် အသိအမှတ်ပြုထားအပ်လေတော့မည်လော။ လွတ်လပ်ရေးရလျှင် အင်္ဂလိပ်တို့ ပိုင်ဆိုင်ကြသော ပစ္စည်းများကို မြန်မာအမျိုးသားတို့က သိမ်းပိုက်ပိုင်ဆိုင်ခွင့် ရရှိကြမည်လော။

ပြင်သာရွာသူရွာသားများသည် မိမိတို့စိတ်ထင်ရာနှင့် စိတ်သန်ရာများကို တစ်ယောက်တစ်ခွန်းပြောဆိုလျက် ရှိကြပေသည်။ မိမိတို့အချင်းချင်းလည်း အငြင်းပွားနေကြပေသည်။

"မနေ့က ဂျပန်စစ်အရေးပိုင်ကြီးက သူကြီးကို တစ်ခုခုခေါ်ပြောလို့ ဖြစ်တော့မပေါ့" ဟု အသက် ၅၀ ကျော်လူကြီးတစ်ယောက်က ၎င်း၏ထင်မြင်ချက်ကို ပြောဆိုသည်။

"သူကြီးနှင့်အတူတူ ကျောင်းဆရာ ဦးသာမြတ်ကိုလည်း ဘီအိုင်အေရုံးက အခေါ်လွှတ်လိုက်တယ်မဟုတ်လား" ဟု ကျောင်းဆရာ

mgyoe.com

mgyoe.com
SAMPLE BOOK


ဦးသာမြတ်နှင့် ပိုမိုရင်းနှီးခင်မင်ဟန်ရှိသော ရွာသားတစ်ယောက်က လည်း ပြောဆိုလေသည်။

"ဘယ်တုန်းကမှ မတည့်ခဲ့ကြတဲ့ သူကြီးနဲ့ ကျောင်းဆရာ ကနေ့ ညတော့ အတူတူစကားပြောကြမလို့ ဆိုပါကလားဟေ့"

အထူးအာဏာရ သူကြီးမင်းနှင့် ပြင်သာရွာတွင် သြဇာတော် တော်ကလေးညောင်းသော ကျောင်းဆရာတို့၏ပဋိပက္ခတွင် ကြားနေ ဟန်ရှိသော ရွာသားတစ်ယောက်ကလည်း ၎င်း၏ဆန္ဒကို ထုတ်ဖော် ပြောဆိုလိုက်ပြန်သည်။

ယင်းသို့ သူကြီးအိမ်မှ တဒူဒူနှင့်ထု၍ ဆင့်ခေါ်နေသော မောင်းသံ ကို အကြောင်းပြု၍ ပြင်သာရွာသားများသည် တစ်အိမ်တစ်ယောက်ကျ ထွက်ကာ ရွာလယ်လမ်းမပေါ်တွင် တစ်ယောက်တစ်ပေါက် မိမိတို့သန် ရာ၊ မိမိတို့ ထင်ရာမြင်ရာများကို ပြောဆိုနေကြသည်။ ရွာဦးပိုင်းရှိ ဘုန်း တော်ကြီးကျောင်း၌ ကျောင်းထိုင်ဘုန်းတော်ကြီး ဦးကဝိသည် ၎င်း၏ ကပ္ပိယကြီး ဦးရေချမ်းကို အော်ဟစ်ခေါ်ဝေါ်လျက်ရှိလေသည်။ ရပ်ရွာ နှင့် ဒကာတပည့်တို့၏ အရေးအခင်းများသည် သာသနာနှင့် ဆရာ့ အရေးနှင့် မည်ကဲ့သို့မျှ ခွဲခြား၍မရနိုင်သည့်အတွက် "ဟဲ့ ရေချမ်း ထွန်းနိုင် တစ်ယောက်ကော မမြင်မိပါကလား" ဟု ၎င်း၏ကပ္ပိယလုပ်သူကို သူကြီးအိမ်သို့ စေလွှတ်ရန်အတွက် ဘယ်မှာမျှ ရှာဖွေမတွေ့ဟန်တူ သော ၎င်း၏ တူလုပ်သူ၏ အကြောင်းကို မေးမြန်းနေပေသည်။

"ညနေဘက်လောက်ကပဲ ရွာထဲကိုထွက်သွားတာ တွေ့လိုက် တယ်ဘုရား"

ဦးရေချမ်းက ဘုန်းတော်ကြီး၏တူနှင့်ပတ်သက်၍ ၎င်းသိသမျှ ကို ပြန်လည်လျှောက်ထားလိုက်သည်။

"ခုချိန်ထိ ပြန်မလာသေးဘူးလားဟင်"

mgyoe.com

mgyoe.com

SAMPLE BOOK


ဦးကဝိသည် တောင်ဝှေးကို ကြမ်းပြင်ပေါ်သို့ဆောင့်ရင်း မေးမြန်းနေသည်။

"ကျောင်းဆရာအိမ်ကို သွားတာနဲ့ တူပါတယ်ဘုရား"

ကပ္ပိယကြီးသည် ကြောက်ကြောက်လန့်လန့်နှင့် ပြန်၍လျှောက်ထားလိုက်လေသည်။

"တယ်ခက်တဲ့အကောင်ပဲ။ ဒါထက် ဒီသူငယ် မနေ့ကလည်း ငါ့ကို မပြောမဆိုဘဲ တောင်ငူကို တစ်ညအိပ်သွားလိုက်သေးတယ်ဆို ဟုတ်လား"

ဘုန်းတော်ကြီးသည် မကျေမချမ်း မေးမြန်းလိုက်ပြန်သည်။

"သူပြန်လာလို့ ပြောတော့မှပဲ တပည့်တော်လည်း သိရပါတယ်ဘုရား"

"ခုလို မင်းပြောင်းမင်းလွဲဖြစ်နေတဲ့ ခေတ်ဆိုး အခါဆိုးကြီးထဲမှာ ဒီသူငယ်က ဘယ်လိုအရေးကိစ္စရှိလို့ တောင်ငူကို သွားရတာတဲ့လဲကွ"

ဦးကဝိသည် တောင်ဝှေးကို ကြမ်းပြင်ပေါ်သို့ တဒုန်းဒုန်းဆောင့်ကာ စိတ်ဆိုးမာန်ဆိုး မေးနေသည်။

"သူ့ဆရာသမားတွေလို့ ပြောပြောနေတဲ့ သခင်ကြွယ်တို့၊ သခင်သန်းဖေတို့နဲ့ တွေ့ချင်လို့လို့ ပြောတာပဲဘုရား"

"ဒီသူငယ်တစ်ယောက်အတွက်နဲ့ ခက်ပါသေးတယ်ကွယ်" ဟု တူလုပ်သူနှင့်ပတ်သက်၍ ညည်းတွားပြောဆိုပြီးသော် "သူကြီးအိမ်က မောင်းသံနဲ့ပတ်သက်ပြီး မင်းသွားနားထောင်စမ်း" ဟု ကပ္ပိယလုပ်သူကို ခိုင်းစေလိုက်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

(၄)

တစ်ယောက်တည်း ကြာမြင့်စွာထိုင်နေသော ခပေါင်းချောက်ကမ်းပါးမှ ထွန်းနိုင်သည် လေးလေးလံလံနှင့် ထလိုက်သောအခါတွင် တော်တော်ကြီးညောင်း၍နေလေပြီ။ ချောင်းရိုးတစ်လျှောက်တွင် အစာရှာလျက်နေကြသော ညဥ့်ငှက်ကလေးများ၏ အသံဗလံများကိုပင် ကြားနေရလေပြီ။

သူသည် ရွာသို့ပြန်ရမည့်အရေးအတွက်ပင် နောက်တွန့်လေးလံနေပုံရလေသည်။ သို့ရာတွင် သူ၏ပတ်ဝန်းကျင်မူကား မှောင်နှင့်မည်းမည်း ဖြစ်စပြုလေပြီ။

ကျွန်းပင်ရင်းတွင် မတုန်မလှုပ်ရပ်နေရာမှ သူသည် ရွာဘက်ဆီသို့ လှမ်းမျှော်၍ကြည့်လိုက်လေသည်။ ပြင်သာရွာ၌ ထွန်းညှိထားသော မီးရောင်များကို အမှောင်ထုအကြား၌ မှိတ်တုတ်လင်းတုတ်နှင့် မြင်ရလေသည်။ ရွာအတွင်းမှ ခွေးဟောင်သံများ မောင်းထုသံများကိုလည်း မသဲမကွဲ ကြားရလေသည်။

မောင်းသံကိုကြားလိုက်ရသောအခါ သူသည် အနည်းငယ်လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ရွာတွင် မည်သည့်အရေးအခင်းများ ပေါ်ပေါက်လျက်ရှိပြန်ပြီနည်း။ မောင်းသံသည် ပြင်သာရွာတစ်ခုလုံးနှင့် သက်ဆိုင်လေသည်။ ဘယ်သူ့အတွက်နှင့် ဘာကိစ္စဟူ၍ မေးမြန်းနေရန် မဟုတ်ချေ။ မောင်းသံသည် တစ်ရွာလုံး၏အရေးဖြစ်၍ ရွာသားတိုင်း၏ အရေးဖြစ်သည်။

သူသည် ကျွန်းပင်ရင်းမှ ချောင်းရိုးမအတိုင်း ခပ်စိုက်စိုက်ကလေး ရွာဘက်ဆီသို့ လျှောက်လာသည်။ ထိုသို့လျှောက်လာရင်း မောင်းသံနှင့် ပတ်သက်၍ စဉ်းစားတွေးတောလာသည်။

သူကြီး ဦးတောက်ထိန်အိမ်မှ မောင်းသံသည် ပြင်သာတစ်ရွာ

mgyoe.com

mgyoe.com SAMPLE BOOK


လုံးမှ တစ်အိမ်တစ်ယောက်ကျ ဆင့်ခေါ်သော မောင်းသံဖြစ်သည်၊ ရပ်ရေး ရွာရေးဖြစ်သည်။ သို့ရာတွင် ယခုကဲ့သို့သော အချိန်အခါသမယ တွင် မည်ကဲ့သို့သော အရေးအခင်းဖြစ်နိုင်သနည်း။ မင်းပြောင်းမင်းလွှဲ ဖြစ်ကာ အုပ်ချုပ်ရေးလည်း ပျက်ပြားနေသောအချိန်တွင် အင်္ဂလိပ်အစိုးရ ၏ သစ္စာတော်ခံ သူကြီးမင်းသည် ၎င်း၏အရှင်သခင်များ ပေးအပ်ထား ခဲ့သော မောင်းကို အဘယ်သို့အသုံးပြုနိုင်ခွင့်ရှိသနည်း။ အုပ်ချုပ်သော လူတန်းစားတွင် သူ့ဆိုင်ရာမှ ပါဝင်နေသော သူကြီးမင်းသည် ၎င်း၌မရှိ တော့သော အခွင့်အာဏာကို လိမ်လည်အသုံးပြုနေခြင်းဖြစ်သလော။

ထွန်းနိုင်သည် မောင်းသံနှင့်ဆက်၍ အထူးအာဏာရ သူကြီးမင်း ဦးတောက်ထိန်၏အကြောင်းကိုပါ တွေးတောလာသည်။

ဦးတောက်ထိန်သည် တောင်ငူကင်းဆိပ်မှ မြေပိုင်ရှင် ဦးချမ်းသာ ၏ ကိုယ်စားလှယ်ကြီးဖြစ်လေသည်။ ကြက်တက်ညောင်ပင်နှင့် ရွှေ လောင်းဘက်ကွင်းများတွင် လယ်ဧက ၁,၂၀၀ ကျော်ကို စောင့်ရှောက် ကြည့်ရှုခြင်းပြုခဲ့သည်။ ထိုကဲ့သို့ လယ်ပိုင်ရှင် ဦးချမ်းသာအတွက် အမှုထမ်းကောင်းခဲ့သဖြင့် ၎င်း၏အမှုတော်ကို ဆတက်ထမ်းပိုး သယ်ပိုး ထမ်းဆောင်နိုင်စေရန်အလို့ငှာ မြေပိုင်ရှင် ဦးချမ်းသာက အရေးပိုင်မင်း၊ မြို့အုပ်မင်းများနှင့်ပြောဆိုကာ ဦးတောက်ထိန်အား ပြင်သာရွာတွင် အထူးအာဏာရ သူကြီးမင်းဖြစ်လာအောင် လုပ်ကိုင်ပေးခဲ့ခြင်းလည်း ဖြစ်သည်။

မြေပိုင်ရှင်၏ ကိုယ်စားလှယ်ကြီးအဖြစ်ဖြင့် အမှုတော်ကို သယ်ပိုး ထမ်းရွက်စဉ်က ဦးတောက်ထိန်သည် မြေရှင်၏အကျိုးစီးပွားအတွက် လယ်သီးစားများကို မထောက်မညှာနှင့် တစ်ဖက်စီးနင်း လုပ်ကိုင်ခဲ့လေ သည်။ ထို့အတူ မြေရှင်၏ ချီးမြှောက်မှုဖြင့် အထူးအာဏာရသူကြီးမင်း ဖြစ်လာသောအခါ၌လည်း သီးစားများကိုသာမက မိမိ၏လက်အောက်ရှိ

mgyoe.com

 mgyoe.com SAMPLE BOOK 

ကျေးရွာသူ ကျေးရွာသားများကို အရေးပိုင်မင်း၊ မြို့အုပ်မင်း၊ ဌာနအုပ်နှင့် တောအုပ်ကြီးများတို့၏ အလိုကျအတိုင်း ကွပ်ကွပ်မျက်မျက် မင်းလုပ်အုပ်ချုပ်ခဲ့လေသည်။ သာယာဝတီသူပုန်ကြီး ထကြွခဲ့စဉ်တုန်းကဆိုလျှင် အင်္ဂလိပ်အစိုးရကို အန်တုခဲ့သော ဂဠုန်သူပုန်အမြောက်အမြားကို အင်္ဂလိပ်အစိုးရမင်းတို့အား လှည့်ပတ်ဖမ်းဆီးပေးခဲ့လေသည်။ ထိုကဲ့သို့ဖမ်းဆီးပေးခြင်း ခံရသူများထဲတွင် ထွန်းနိုင်၏ဖခင် ဦးစံထွန်းလည်း အပါအဝင်ဖြစ်လေသည်။ ဦးတောက်ထိန်၏ပယောဂကြောင့် ထွန်းနိုင်၏ ဖခင် ဦးစံထွန်းသည် တစ်သက်တစ်ကျွန်း အပြစ်ကျသွားခဲ့ရပြီးသော် ကပ္ပလီကျွန်းတွင်ပင် သေဆုံးသွားခဲ့ရလေသည်။

ထွန်းနိုင်သည် ထိုအကြောင်းအရာများနှင့် အဖြစ်အပျက်များကို ကောင်းစွာမမှတ်မိတော့ချေ။ ထင်ရေးရေးလောက်သာ မှတ်မိလေသည်။ ထိုစဉ်က သူသည် ၁၀ နှစ်သားသာသာခန့်မျှသာ ရှိသေးသည်။ ကျောင်းသားအရွယ် လူမမည်ကလေးမျှသာ ဖြစ်ပေသည်။

သူ၏ဖခင် ဦးစံထွန်းကို ပန်ချာပီစစ်သားများ ဝိုင်းဝန်းဖမ်းဆီးခြင်း မပြုမီ သုံးလေးလခန့်လောက်ကပင် သူ၏မိခင် ဒေါ်ငြိမ်းမယ်သည် နာတာရှည် မကျန်းမမာဖြစ်နေရာမှ ရုတ်တရက်သေဆုံးသွားလေသည်။ ဂဠုန်ကြီး ဦးစံထွန်းကို သူကြီးဦးတောက်ထိန်၏ ထောက်လှမ်းပေးမှုကြောင့် အင်္ဂလိပ်အစိုးရမင်းများက ဖမ်းဆီးရရှိသွားသောအခါ နေစရာထိုင်စရာမရှိသော ထွန်းနိုင်သည် ဆရာတော် ဦးကဝိကျောင်းသို့ ရောက်ခဲ့ရသည်။ ဘုန်းတော်ကြီး ဦးကဝိမှာလည်း အခြားသူတော့ မဟုတ်ချေ။ ၎င်းမိခင် ဒေါ်ငြိမ်းမယ်၏ အစ်ကိုဝမ်းကွဲတော်သဖြင့် သူ၏ဘကြီး ဝမ်းကွဲတော်လေသည်။ ဘုန်းတော်ကြီး ဦးကဝိက ၎င်းအား တောင်ငူမြို့ရှိ ဦးလက္ခဏကျောင်းတွင် ပညာသင်ကြားပေးလေသည်။

ထွန်းနိုင်သည် မောင်းသံနှင့်ဆက်၍ သူကြီးဦးတောက်ထိန်၏

mgyoe.com

mgyoe.com
SAMPLE BOOK


အကြောင်းကိုတွေးရင်း ၎င်း၏အကြောင်းကိုပါ အနည်းနှင့်အများ တွေးလာသည်။ ထို့ကြောင့် သူသည် ရွာဦးပိုင်းသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်ကိုပင် သတိမထားလိုက်မိချေ။

(၅)

ရွာလယ်ပိုင်းတွင် အခိုင်အခံ့နှင့် လုံလုံခြုံခြုံဆောက်လုပ်ထားသော သူကြီးဦးတောက်ထိန်၏ အိမ်ဝင်းအတွင်း၌ ရွာသားများသည် စုရုံးလျက်ရှိကြလေသည်။ ရေနံဆီမီးများ ရှားပါးစပြုလာသောကြောင့် ကညင်မီးတိုင်များကိုလည်း ခြံစည်းရိုးပတ်ပတ်လည်တွင် ထွန်းညှိစိုက်ထူထားလေသည်။ ကညင်မီးတိုင်များ၏ အလင်းရောင်ကြောင့် ထိုအစည်းအဝေးတွင် လူတွင်ကျယ်များလုပ်နေကြသော သူကြီးမင်းနှင့် ရွာကျောင်းဆရာဦးသာမြတ်တို့ကို ကောင်းစွာမြင်နိုင်လေသည်။

သူကြီးဦးတောက်ထိန်သည် ၎င်း၏ဆယ်အိမ်ခေါင်းများကို တစ်စုံတစ်ရာအတွက် အော်ဟစ်ခိုင်းစေနေသည်။ ကျောင်းဆရာ ဦးသာမြတ်ကတော့မူ သူကြီးကို များစွာကြည့်ရှု၍မရလှသကဲ့သို့ မလှမ်းမကမ်းတွင် ကပ္ပိယဦးရေချမ်းနှင့်သာ ခပ်တိုးတိုး စကားပြောနေသည်။

ထွန်းနိုင်သည် ဘယ်တုန်းကမျှ သူကြီးဦးတောက်ထိန်၏ အိမ်ဝင်းအတွင်းသို့ ဝင်ရောက်ခြင်းမပြုခဲ့သကဲ့သို့ ယခုအပြန်တွင်လည်း ဝင်ရောက်ခြင်းမပြုချေ။ သူကြီးအိမ်ဝင်းအပြင်ဘက်တွင် ပေါက်နေသော မန်ကျည်းပင်ရိပ်တွင် အသာကပ်၍ရပ်ကာ သူကြီးအိမ်ဝင်းအတွင်းမှ အစည်းအဝေးအခြေအနေကို အကဲခတ်ကြည့်ရှုနေသည်။

မောင်းထု၍ ဆင့်ခေါ်သောကိစ္စကို သူကြီးက ဘာတစ်ခွန်းမျှ ပြောကြားခြင်းမရှိသေး၍ ရွာသားများသည် ၎င်းတို့ထင်ရာမြင်ရာများကို တစ်ယောက်တစ်ပေါက် မိမိတို့အချင်းချင်း ပြောဆိုနေကြလေသည်။

mgyoe.com

mgyoe.com

ရွာဆော်ပြီးအဖြစ်ဖြင့် မိမိကိုယ်ကို မိမိဘာသာခန့်အပ်ထားသော ရွာပြီး ပိုင်းက ဦးဘိုးလူက ၎င်း၏လူအုပ်အား ဂျပန်များပေးသော လွတ်လပ်ရေးရလျှင်ရချင်း ယင်အင်္ဂလိပ်လူမျိုးများပိုင်ဆိုင်သော မက်ကရီကာ သစ်ကုမ္ပဏီမှ သစ်ဆွဲဆင်ကြီးသုံးကောင်လောက်ကို ၎င်းက လက်ဦးအောင် ယူမည့်အကြောင်း စိတ်အားထက်သန်စွာ ပြောဆိုလျက်ရှိသည်။ ရွာဦးပိုင်းက တင်းကုပ်နှင့် ဆင်းဆင်းရဲရဲနေထိုင်ရသော ကိုချစ်တီးကတော့မူ မက်ကရီကာသစ်ကုမ္ပဏီက ပိုင်ဆိုင်သော ခပေါင်းချောင်းအတွင်းမှ ကျွန်းသစ်အလုံး ၃၀ ခန့်ကို ၎င်းယူငင်မည့်အကြောင်း မြိန်ရေရှက်ရေ ပြောဆိုနေသည်။ ထိုသို့ပြောဆိုနေခြင်းကို လယ်လက်လွတ်၍ စာရင်းငှားလုပ်ကိုင်စားသောက်နေရသော ကိုကုလားဆိုသူကလည်း "ကိုရင် ချစ်တီးပြောတာ ဟုတ်တယ်။ ဒီပစ္စည်းတွေဟာ တကယ်ဆိုတော့ ကျုပ်တို့ ဘိုးဘွားပိုင်ပစ္စည်းတွေပဲ မဟုတ်လား" ဟု ဝင်ရောက်ထောက်ခံ ပြောဆိုလျက်ရှိလေသည်။ ကိုကုလားက ထိုကဲ့သို့ ကိုချစ်တီးကို လိုက်လိုက်လှဲလှဲ ထောက်ခံပြောဆိုနေခိုက် ရွာလယ်ပိုင်းမှ လယ်ထောက်ခနှင့် လုပ်ကိုင်စားသောက်နေကြရသော ကိုအုန်းသီးတို့ပိုင်းကလည်း လွတ်လပ်ရေးရလျှင် ၎င်းတို့လယ်ကလေးများ အလကားပြန်ရလိမ့်မည်ထင်ကြောင်းနှင့် ကြွေးကလေးများကိုလည်း ပြန်ဆပ်ရလိမ့်မည်မထင်တော့ကြောင်းများကို ထင်တစ်လုံးနှင့် ခပ်တိုးတိုး ခပ်အုပ်အုပ် ပြောဆိုနေကြလေသည်။

တစ်အိမ်တစ်ယောက်ကျ စုံသလောက်ရှိသောအခါ သူကြီးမင်းဦးတောက်ထိန်သည် မောင်းထုဆင့်ခေါ်ရသော အရေးကိစ္စကို ရှင်းလင်းပြောကြားရန် ကညင်မီးတိုင်သုံးတိုင်မျှ ပူးတွဲချည်ထားသော မီးရောင်အောက်တွင် ရပ်လိုက်သည်။ ကျေးလက်တောရွာ၌ အစိုးရမင်းတို့ ထိုကဲ့သို့ ရပ်လိုက်လျှင်ပင် စောစောက တစ်ယောက်တစ်ခွန်းနှင့် မိမိတို့ စိတ်ထင်ရာပြောဆိုနေကြသော ရွာသားများသည် မီးကို ရေနှင့် ငြိမ်းသတ်

mgyoe.com

လိုက်သကဲ့သို့ တစ်ခါတည်း ငြိမ်သက်၍သွားကြလေသည်။

သူကြီးဦးတောက်ထိန်သည် ချောင်းတစ်ချက်ဟန့်လိုက်သည်။ သို့သော် ပြောဆိုစရာရှိသောကိစ္စကို တစ်ချက်တည်း ပြောဆိုခြင်းမပြု သေးဘဲ ၎င်း၏နှုတ်ခမ်းမွေးကိုသပ်ရင်း ပရိသတ်ကို ဟိုလှမ်းကြည့် သည်လှမ်းကြည့် လုပ်နေလိုက်သေးသည်။

သူကြီးနှင့်မလှမ်းမကမ်းတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသော ကျောင်းဆရာ ဦးသာမြတ်သည် ပြင်သာရွာ၏ အစိုးရမင်းတရားကို မျက်စောင်းထိုး၍ ကြည့်ရှုလျက်ရှိလေသည်။ သူကြီးအိမ်ဝင်းအပြင်ဘက် ရှိ မန်ကျည်းပင်ရိပ်တွင် ခိုကပ်နားထောင်နေသော ထွန်းနိုင်သည် ကျောင်း ဆရာ ဦးသာမြတ်၏ ဖြစ်အင်ကို ကြည့်ရှုရင်း တစ်ယောက်တည်း ပြုံး လိုက်လေသည်။

"ကနေ့ ခုလိုဆင့်ခေါ်ရတဲ့အကြောင်းကိစ္စကို မရှင်းလင်း မပြော သေးခင် ကျုပ်ကို တောင်ငူမှာအုပ်ချုပ်နေတဲ့ ဂျပန်စစ်ဗိုလ်ကြီးတွေနဲ့ စစ်အရေးပိုင်မင်းကြီးက ဒီရွာကို အရင်ကအတိုင်း အထူးအာဏာရ သူ ကြီးမင်းအဖြစ်နဲ့ ထိန်းသိမ်းအုပ်ချုပ်ဖို့ ပြန်လည်ခန့်အပ်လိုက်တယ်ဆိုတဲ့ အကြောင်းကို ပထမပြောချင်တယ်"

ထိုကဲ့သို့ပြောဆိုပြီးနောက် ဦးတောက်ထိန်သည် ဂျပန်စာများနှင့် ရေးသားထားသော စာရွက်တစ်ရွက်ကို ရွာသားများအား ထောင်၍ပြသ ရင်း...

"ဒါဟာ ဂျပန်စစ်ဗိုလ်ကြီးများနဲ့ စစ်အရေးပိုင်ကြီးက ကျုပ်ကို အင်္ဂလိပ်မင်းများလက်ထက်ကအတိုင်း အထူးအာဏာရသူကြီးအဖြစ်နဲ့ ပြန်လည်ခန့်အပ်လိုက်တဲ့ ခန့်စာပဲ" ဟု ခပ်ကြွားကြွားကလေး ပြောဆို လိုက်သည်။

ရွာသားများသည် ငြိမ်သက်စွာပင် နားထောင်နေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အင်္ဂလိပ်မင်းများက ခန့်အပ်သလို ယခုတက်လာသော ဂျပန်မင်းများကလည်း ခန့်အပ်လိုက်သည်ဆိုခြင်းကို သူတို့သည် ဘာမျှစောဒကတက်ပြောကြားခြင်းသော်လည်းကောင်း၊ မေးမြန်းခြင်းသော်လည်းကောင်း ပြုလိုကြဟန်မရှိချေ။ တကယ်ဆိုတော့ ပြည်သူအများနှင့်သက်ဆိုင်သော တာဝန်နှင့်ရာထူးများကို ခန့်အပ်ခြင်းပြုသောအမှု၌ သူတို့သည် ဘယ်တုန်းကများ ဘာတစ်ခွန်းပြောနိုင်ခွင့် ရရှိခဲ့ဖူးသနည်း။ အထက်အမိန့်အတိုင်း လုပ်ချင်ရာလုပ်၊ ခန့်ချင်ရာခန့်ခဲ့ကြသည် မဟုတ်သလော။

ခန့်စာဆိုသော စာရွက်ကို ထုတ်ပြပြီးနောက် ဂျပန်အက္ခရာများနှင့် ဘာတွေရေးထားမှန်း မသိသော ပိတ်စကလေးတစ်စကို သူကြီးဦးတောက်ထိန်သည် ရွာသားများကို ပြသပြန်လေသည်။

"ဒါကတော့ ဒီရွာကို ထိန်းသိမ်းအုပ်ချုပ်ဖို့ အာဏာအပ်နှင်းလိုက်တဲ့ သူကြီးတံဆိပ်ပဲ။ ဒီတံဆိပ်ကို နှယ်နှယ်ရရတော့ မထင်လိုက်ကြနဲ့၊ ဂျပန်စစ်ဗိုလ်ကြီးရဲ့ လက်မှတ်ရော စစ်အရေးပိုင်ရဲ့တံဆိပ်ပါ ပါတယ်"

ထိုသို့ ဂျပန်လက်မောင်းပတ် အဝတ်ဖြူစာတန်းကို ပရိသတ်အား မြှောက်၍ မြှောက်၍ပြရင်း အထူးအာဏာရ ဂျပန်ခန့် သူကြီးမင်းက ခပ်ထန်ထန်ကလေး ပြောဆိုလေသည်။

ရွာသားများသည် ငြိမ်သက်စွာပင် နားထောင်နေကြလေသည်။ သူတို့အဖို့ ဘာမျှစစ်ကြောမေးမြန်းရန်လည်း မလိုတော့ချေ။ ဘုရင်က သူကောင်းမြှောက်လိုက်သောသူကို သူကောင်းအဖြစ် အသိအမှတ်ပြုလက်ခံရုံသာ ဖြစ်သည်မဟုတ်လော။

သူကြီးမင်းသည် ဆက်ပြန်လေသည်။

"ကျုပ်ကို ဂျပန်စစ်ဗိုလ်ကြီးများနဲ့ စစ်အရေးပိုင်တို့က ကျုပ်ရဲ့ မူလရာထူးကို ပြန်လည်ခန့်အပ်လိုက်ကြတယ်ဆိုတဲ့အကြောင်းကို ပြောပြီးတဲ့နောက် အင်မတန်အရေးကြီးတဲ့ကိစ္စတစ်ခုကို ပြောစရာရှိသေး

mgyoe.com  SAMPLE BOOK 

တယ်"

ဦးတောက်ထိန်သည် နှုတ်ခမ်းမွေးကိုသပ်ကာ အနားယူရင်း သူ၏ ပရိသတ်ကို လှမ်း၍အကဲခတ်လေသည်။ ရှာသားများအားလုံးသည် သူ ပြောသမျှကို လက်ခံယုံကြည်ကြောင်း စိတ်ချရတော့မှ ဆက်ရန်ရှိသော ကိစ္စကို ဆက်လေသည်။

"အဲဒီ အင်မတန်အရေးကြီးတဲ့ကိစ္စဆိုတာ တခြားတော့မဟုတ်ဘူး။ အင်္ဂလိပ်မိစ္ဆာကောင်တွေကို ကျုပ်တို့တိုင်းပြည်က တိုက်ခိုက်မောင်းထုတ်နေတဲ့ ဂျပန်တပ်မတော်ကြီးကို ကျုပ်တို့ရှာသားတွေအားလုံးက သွေးနဲ့ချွေးနဲ့ ဝိုင်းဝန်းကူညီကြဖို့ပဲ။ ဂျပန်တပ်မတော်ကြီးဟာ ကျုပ်တို့တိုင်းသူပြည်သားတွေအပေါ်မှာ အင်မတန်ကြီးမားလှတဲ့ မေတ္တာစေတနာတွေနဲ့ အင်္ဂလိပ်မိစ္ဆာကောင်တွေကို ခုလိုရှင်းလင်းတိုက်ခိုက်နေတဲ့ ကိစ္စကြီးဖြစ်လေတော့ ကျုပ်တို့ရှာသားတွေကလည်း သူ့ကျေးဇူးကိုသိတတ်တဲ့ လူမျိုးတွေအနေနဲ့ အဘက်ဘက်က ဝိုင်းဝန်းကူညီကြဖို့လိုတယ်။ ဂျပန်တပ်မတော်ကြီးက အလိုရှိတဲ့ ကိစ္စအဝဝနဲ့ ပစ္စည်းမှန်သမျှကို ရှာဖွေပေးဖို့နဲ့ ကူညီလုပ်ကိုင်ပေးဖို့ လိုလိမ့်မယ်။

"အဲဒီ့လို ကျုပ်တို့က သူတစ်ထူးကျေးဇူးကို သိတတ်တဲ့လူတွေအနေနဲ့ ကူညီနိုင်လည်း ကူညီပေါ့။ တကယ်လို့ ကူညီရမှန်းမသိဘဲ အနှောင့်အယှက်လုပ်မယ်ကြရင်တော့ အဲဒီ့လို နှောင့်ယှက်တဲ့သူတွေကို ဂျပန်တပ်မတော်ကြီးက ပြင်းပြင်းထန်ထန် ချေမှုန်းနှိပ်ကွပ်ပစ်လိုက်လိမ့်မယ်ဆိုတဲ့အကြောင်းကိုလည်း ဂျပန်စစ်ဗိုလ်ကြီးနဲ့ စစ်အရေးပိုင်ကြီးတို့က ကျုပ်ကို သေသေချာချာ ပြောပြလိုက်တယ်။ အဲသလိုလူစားမျိုးတွေကို ဒီနယ်မြေတစ်ဝိုက်မှာ ပေါ်ပေါက်လာရင်လည်း တွေ့ရာသင်္ချိုင်း စားမဆိုင်းဘဲ နှိပ်ကွပ်နှိမ်နင်းပစ်လိုက်ဖို့အတွက်လည်း ကျုပ်ကို ဂျပန်စစ်အာဏာပိုင်တွေက အာဏာလွှဲပေးလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကနေ့ညအဖို့ ကျုပ်အနေနဲ့ နောက်ဆုံးပြောချင်တာကတော့ ဒီအချိန်ကစပြီး ကျုပ်ဟာ ကျောက်ပြင်သာရွာရဲ့ စစ်အာဏာပိုင်သူကြီး ဖြစ်တယ်ဆိုတဲ့အကြောင်းပဲ။ အင်္ဂလိပ်မိစ္ဆာကောင်တွေကို ရှင်းလင်း မောင်းထုတ်နိုင်ဖို့အတွက် ဂျပန်တပ်မတော်ကြီးကို လိုလေသေးမရှိ ကူညီရအောင် ဒီကျေးရွာရဲ့ အနီးအနားတစ်ဝိုက်မှာ ကျုပ်ဟာ တာဝန်ခံပဲ၊ ကျုပ်ထက်ကြီးတဲ့ မာစတာမရှိဘူး။ ကျုပ်ဟာ အကြီးဆုံးမာစတာပဲဆိုတာကို ခင်ဗျားတို့ မြဲမြဲကလေး နှလုံးသွင်းထားကြစေချင်တယ်"

အင်္ဂလိပ်အုပ်စိုးခဲ့စဉ်က အင်္ဂလိပ်အရှင်သခင်များ၏ သစ္စာတော်ကို စောင့်သိရိုသေလျက် ထိုအရှင်သခင်များ၏ အမှုတော်ကိုလည်း ဦးလည်မသုန် ထမ်းဆောင်ခဲ့သော အထူးအာဏာရ သူကြီးမင်းသည် ယခုတစ်ဖန် ထိုအရှင်သခင်များ အရေးနိမ့်၍ အောင်မြင်စွာ ဆုတ်ခွာထွက်ပြေးနေသောအချိန်အခါတွင် စစ်နိုင်သော အရှင်သခင်များ၏ သစ္စာတော်ကို ကျိုးကျိုးနွံနွံခံယူပြောကြားခြင်း ပြုလျက်ရှိပေသည်။ မောင်းထု ဆင့်ခေါ်ရသော အရေးအခင်းနှင့်ပတ်သက်၍ ပြောစရာ ဆိုစရာရှိသောကိစ္စများကို စိတ်ကျေနပ်လောက်အောင် ပြောကြားပြီးစီးပြီးနောက် သူကြီးမင်း ဦးတောက်ထိန်သည် မီးရောင်အောက်မှ ထွက်ခွာသွားလေသည်။

သူကြီးမင်း စကားပြောဆိုနေခိုက် ငြိမ်သက်စွာ နားထောင်နေကြသော ရွာသားများသည် တစ်ယောက်တစ်ခွန်း တိုးတိုးတိတ်တိတ် စကားပြောဆိုလာကြပြန်လေသည်။ သူတို့ ကြားရလိမ့်မည်ထင်သော အကြောင်းအရာနှင့် သူတို့နားနှင့် ဆတ်ဆတ်ကြားလိုက်ရသော အကြောင်းအရာသည် အဘယ်ကဲ့သို့မျှ ဆက်စပ်၍မရသကဲ့သို့ အံ့ဩစိတ်ပျက်နေပုံလည်း ပေါ်လေသည်။ အင်္ဂလိပ်မိစ္ဆာကောင်များလက်အောက်မှ သူတို့ကို တကယ်ကယ်တင်ရိုးမှန်လျှင် အင်္ဂလိပ်မိစ္ဆာကောင်များက သူကောင်း

mgyoe.com

mgyoe.com  SAMPLE BOOK 

ပြုထားခဲ့သော ထိုသူကြီးကို ဂျပန်စစ်ဗိုလ်ကြီးများက အဘယ်ကြောင့် သူကောင်းပြုမိပြုကာ အုပ်ချုပ်ရေးတန်ခိုးအာဏာများ အပ်နှင်းရသနည်း။ အင်္ဂလိပ်ပိုင် မက်ကရီကာသစ်ကုမ္ပဏီက မတရားသိမ်းယူထားသော သူတို့ဘိုးဘွားပိုင် ကျွန်းသစ်များကို သူတို့အတွက် အိမ်တစ်ဆောင်စာ ဘာကြောင့်ပြန်မပေးဘဲနေသနည်း။ အင်္ဂလိပ်မင်းများလက်ထက်က သူတို့၏ စားမဦးချ လယ်ကလေးများကို အနိုင်အထက် သိမ်းယူသွားကြသော မြေရှင်နှင့် ချစ်တီးများလက်ထဲမှ သူတို့၏ လယ်ကလေး ကိုင်းကလေးများကိုကော ဘာကြောင့်ပြန်မပေးဘဲ ထားကြသနည်း။ ပြင်သာရွာသားများသည် သူကြီးမင်း၏မိန့်ခွန်းကို များစွာစိတ်ပျက်နေကြသည်။ သို့ရာတွင် ၎င်း၏ကိုယ်ကို အကြီးဆုံးမာစတာဟု ဆိုထားသဖြင့် နောက်ပိတ်ခွေးများသည် ကျယ်ကျယ်လောင်လောင်တော့ကား စိတ်မပျက်ဝံ့ကြချေ။

သူကြီးမင်း၏ ညာလက်ရုံးဖြစ်သော ဆယ်အိမ်ခေါင်း ကိုတုတ်ကြီးသည် မီးအားနည်းလာသော ကညင်ဆီတိုင်များကို တုတ်ကလေးတစ်ချောင်းနှင့် ထိုးဆွပေးလေသည်။ ကညင်တိုင်များ မီးတောက်လာသောအခါ သူသည် မီးရောင်အောက်မှ ဆုတ်ခွာသွားလေသည်။

ကျောင်းဆရာ ဦးသာမြတ်သည် မီးရောင်အောက်သို့ ဝင်၍လာလေသည်။ သူသည် အသက် ၃၀ သာသာခန့်အရွယ် လူတစ်ယောက်ဖြစ်သော်ငြားလည်း သူ၏အလုပ်အကိုင်ကို အကြောင်းပြု၍ တစ်ရွာလုံးက ဆရာကလေး ဦးသာမြတ်ဟု လေးလေးစားစား ခင်ခင်မင်မင် ခေါ်ဝေါ်ဆက်ဆံခြင်း ခံရသူတစ်ဦးဖြစ်သည်။ သူသည် တောင်ငူဦးလက္ခဏာကျောင်းထွက်ဖြစ်၍ ပြင်သာကဲ့သို့ ဖိုးသုညနှင့် နောက်ပိတ်ခွေးများ၏ ကျေးလက်ပိုင်းတွင် ဗဟုသုတနှင့် အကြားအမြင်များသော ပညာတတ်တစ်ယောက်လည်း ဖြစ်နေပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာကြီးဦးသာမြတ်သည် သူပြောဆိုရန်ရှိသော အကြောင်းအရာများကို ကျောင်းဆရာပီပီ လေအေးအေးနှင့် သိမ်သိမ်မွေ့မွေ့ ပြောဆိုခြင်းပြုလေသည်။

"ဗိုလ်တေဇလို့ခေါ်တဲ့ သခင်အောင်ဆန်းအမှူးပြုတဲ့ ရဲဘော်သုံးကျိပ်က ဦးဆောင်ဖွဲ့စည်းလိုက်တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ လွတ်လပ်ရေးအတွက် နိပ္ပွန်တပ်တွေနဲ့ အတူလက်တွဲပြီး အင်္ဂလိပ်နယ်ချဲ့သမားတွေကို တိုက်ခိုက်မောင်းထုတ်နေပြီဆိုတဲ့အကြောင်းကို ပြောလိုပါတယ်။ တောင်ငူ အုတ်တွင်းမှာဆိုရင်လည်း ဗမာ့လွတ်လပ်ရေးတပ်မတော် အုပ်ချုပ်ရေးရုံးကို ထူထောင်ဖွင့်လှစ်ထားပါတယ်။ မကြာခင်မှာပဲ ကျေးရွာတွေအထိ အုပ်ချုပ်ရေးကို တိုးချဲ့ထူထောင်ပါတော့မယ်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကိုလည်း တိုးချဲ့ရပါလိမ့်ဦးမယ်"

ထိုကဲ့သို့ပြောဆိုပြီးနောက် ဆရာကြီးဦးသာမြတ်သည် ၎င်းပရိသတ်၏ အရိပ်အခြည်ကို အကဲခတ်လိုက်သည်။ သူကြီးမင်းနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းလို ပြောဆိုလိုက်သော ကျောင်းဆရာ၏စကားကြောင့် ရွာသားများသည် ဇဝေဇဝါဖြစ်နေကြပုံ ပေါ်လေသည်။ တစ်ဦးကိုတစ်ဦး မသိမသာ လက်ကုတ်ကြသည်၊ မကြားတကြား ပြောကြသည်။

ဦးသာမြတ်သည် ၎င်း၏ပရိသတ်ကို အတန်ကြာမျှ အကဲခတ်ကြည့်ရှုပြီးနောက် ၎င်းပြောဆိုရန်ရှိသော အကြောင်းအရာကို ဆက်လက်ပြောကြားပြန်လေသည်။

"တိုင်းပြည်ရဲ့လွတ်လပ်ရေးကို တိုက်ယူဖို့အတွက် ကျွန်တော်တို့ရဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို အင်အားကြီးမားခိုင်ခံ့အောင် လုပ်ပေးဖို့လိုပါလိမ့်မယ်။ ဒီတာဝန်ကို ကျွန်တော်တို့အားလုံး စုပေါင်းပြီး

mgyoe.com

mgyoe.com
SAMPLE BOOK


ယူကြရလိမ့်မယ်။ နောင်တော် နိပွန်တပ်မတော်ကြီးနဲ့အတူ အင်္ဂလိပ် နယ်ချဲ့သမားကို ကျွန်တော်တို့ တိုင်းပြည်အတွင်းက မောင်းထုတ်ပြီးတဲ့ နောက်ပိုင်းမှာလည်း ကျွန်တော်တို့တိုင်းပြည်ရဲ့ လွတ်လပ်ရေးကို အများ တကာက ရှိသေခဲ့ညားပြီး အသိအမှတ်ပြုလာဖို့အတွက်ရော အဲဒီလွတ် လပ်ရေးကိုလည်း ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက်ပါ ကျွန်တော်တို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို အင်အားကြီးမား ခိုင်ခံ့သည်ထက် ခိုင်ခံ့လာအောင် ဝိုင်းဝန်းကူညီပေးကြဖို့လိုပါတယ်။

"ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ကျွန်တော်တို့က ဘယ်လို အင်အားကြီးမားခိုင်ခံ့လာအောင် ကူညီကြမလဲဆိုတာ မေးစရာရှိလာ တယ်။ ဒီမေးခွန်းကို ကျွန်တော်ကပဲ ဖြေပါ့မယ်။

"ကနေ့ ဗမာ့တပ်မတော်ဟာ ရန်သူကို ဖြစ်သလိုတိုက်ခိုက်ဖို့ အတွက်ဖြစ်သလို ဖွဲ့စည်းထူထောင်ထားရတဲ့ ဗမာ့မျိုးချစ် လက်နက် ကိုင် အင်အားစုကလေးမျှသာ ဖြစ်ပါသေးတယ်။ တပ်သားအင်အား လည်း ဘာမှပြောပလောက်အောင် မရှိသေးသလို လက်နက်ခဲယမ်း မီးကျောက်အင်အားလည်း မည်မည်ရရမရှိသေးပါဘူး။ ငွေအားကြေး အားလည်း အင်မတန်ချို့ငဲ့ဆင်းရဲပါတယ်။ အခုပြောခဲ့တာတွေဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ လွတ်လပ်ရေးအတွက် တိုက်ခိုက်ဖို့ အရေးပေါ် ဖွဲ့စည်းထူထောင်ထားရတဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးရဲ့လက်ရှိနဲ့ အကြမ်းဖျင်းအခြေအနေဖြစ်ပါတယ်"

၎င်းပြောဆိုနေသော အကြောင်းအရာသည် တော်တော်ကလေး ရှည်လျားကြာမြင့်သွားပြီဖြစ်သောကြောင့် ပရိသတ်၏အခြေအနေကို ကျောင်းဆရာသည် အကဲခတ်နေပြန်သည်။ ပရိသတ်သည် သူကြီးမင်း ပြောစဉ်ကထက် စိတ်ဝင်စားလာပုံရလေသည်။ စူးစူးစိုက်စိုက် နား ထောင်နေကြသည်။

mgyoe.com

m g y o e . c o m


ကျောင်းဆရာသည် အနည်းငယ်အားတက်လာဟန်ဖြင့် ဆက်ပြန်လေသည်။

"အခုလို ကျွန်တော် ပွင့်ပွင့်လင်းလင်း အစီရင်ခံခဲ့တဲ့အတိုင်း အဘက်ဘက်မှာ အားနည်းနေရတဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဝိုင်းဝန်းကူညီကြဖို့ဆိုတာကတော့ ကျွန်တော်တို့ကျေးရွာက တပ်သားတွေ စုဆောင်းပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ရွာက လူငယ်လူရွယ်တွေဟာ အလဟဿ အချိန်ကုန်ခံမနေကြဘဲ တိုင်းပြည်ရဲ့ လွတ်လပ်ရေးတိုက်ပွဲအတွက် ဆင်းဆင်းရဲရဲနဲ့ ခက်ခက်ခဲခဲ ထူထောင်ထားရတဲ့ လွတ်လပ်ရေးတပ်မတော်ကြီးထဲကို အင်တိုက်အားတိုက် ဝင်ရောက်ကြဖို့ တိုက်တွန်းလိုပါတယ်။ တပ်မတော်ရဲ့အင်အား အဘက်ဘက်က ဖြည့်တင်းလာအောင် မိမိတို့တတ်နိုင်သလောက် ငွေအားကြေးအားနဲ့ ပါဝင်လှူဒါန်းကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

"လွတ်လပ်ရေးဆိုတာ အလကားသက်သက်မရပါဘူး။ တိုက်ယူခိုက်ယူမှသာ ရနိုင်ပါတယ်။ ဒီလို တိုက်နိုင်ခိုက်နိုင်ဖို့အတွက် မိမိအင်အားရှိဖို့ လိုပါလိမ့်မယ်။ အင်အားရှိဖို့ဆိုတာကတော့ လူတိုင်း လူတိုင်းက မိမိတို့သက်ဆိုင်ရာတာဝန်ကို ယူကြဖို့ပဲဖြစ်ပါတယ်။ မွန်မြတ်လှတဲ့ အမျိုးသားတာဝန်ကို ထမ်းဆောင်လိုတဲ့ရွာသားတိုင်း ကျွန်တော့်ဘက်ကို အချိန်မရွေး လာရောက်စေချင်ပါတယ်"

၎င်းပြောစရာရှိသော အကြောင်းအရာများကို ပြီးဆုံးအောင် ပြောကြားပြီးနောက် ကျောင်းဆရာသည်လည်း မီးရောင်အောက်မှ ပြန်ထွက်သွားလေသည်။ နားထောင်နေကြသော ရွာသားများသည် တစ်ယောက်တစ်ခွန်း ဆူဆူညံညံ စကားပြောဆိုလာကြပြန်လေသည်။

"တို့သူကြီးမင်းနဲ့ တို့ကျောင်းဆရာကတော့ ကမ္ဘာဦးကတည်းက ပဋိပက္ခဖြစ်လာခဲ့ကြတာ ခုထက်ထိလည်း မဆုံးသေးပါဘဲကလားကွာ"

m g y o e . c o m

mgyoe.com
SAMPLE BOOK


ရှာသားတစ်ယောက်က မတိုးမကျယ် ပြောဆိုလေသည်။

"ကိုရင်ချစ်တီး မင်းသားအောင်ဘုတစ်ယောက် ပြောမရ ဆိုမရနဲ့ ဒီအတိုင်းလွှတ်ထားရမယ့်အစား တိုင်းပြည်လည်းအကျိုးရှိအောင် တပ်ထဲ ထည့်ထားလိုက်ပါလားကွ" ဟု တစ်ယောက်သော ရှာသားက ကိုချစ်တီး ဆိုသူကို ခပ်ကျယ်ကျယ်လောင်လောင်ကလေး လှမ်းအော်၍ပြောဆိုနေ သည်။

သူကြီး၏အိမ်ဝင်းအပြင်ဘက်ရှိ မန်ကျည်းပင်ရိပ်တွင်ရှိနေသော ထွန်းနိုင်သည် သက်ပြင်းကို ခပ်လေးလေးချရင်း ဦးခေါင်းကိုသာ ခပ်တွင် တွင်ကြီး ခါယမ်းနေသည်။ သူသည် အထူးအာဏာရသူကြီးမင်းပြော သောစကားကိုလည်း အနည်းငယ်မျှ မကြိုက်လှသကဲ့သို့ သူနှင့် တော် တော်ကြီးခင်မင်ရင်းနှီးသော ကျောင်းဆရာပြောသည့်စကားကိုလည်း လက်မခံလိုချေ။ သို့ရာတွင် သူကိုယ်တိုင်ကလည်း ဘာမျှ သဲသဲကွဲကွဲ မရှိသေးသဖြင့် ဘာလုပ်၍ ဘာကိုင်ရမှန်းလည်း အစရှာမရချေ။

မန်ကျည်းပင်အောက်မှ ထွက်လာခဲ့ပြီးနောက် ရှာလယ်လမ်းမ ကြီးအတိုင်း ရှာဦးပိုင်းရှိ ဘုန်းတော်ကြီးကျောင်းသို့ လေးလေးကန်ကန် လျှောက်လာရစဉ် တောင်ငူဗမာ့လွတ်လပ်ရေးတပ်မတော် အုပ်ချုပ်ရေး ရုံးသို့ ရောက်ခဲ့စဉ်က သူ့အား အတွင်းစကား တိုးတိုးတိတ်တိတ် ပြော ကြားလွှတ်လိုက်သော သခင်ခေါင်းဆောင်တစ်ဦး၏ စကားကို ပြန်လည် ကြားယောင်လျက်ရှိလေသည်။

"လွတ်လပ်ရေးကို အလကားရတယ်လို့ ဘယ်ရာဇဝင်မှာမျှား ရဲဘော်တွေ့ဖူးသလဲဟင်"

သူသည် မတွေ့ဖူးသဖြင့် နှုတ်ပိတ်လိုက်သည်။

ဘယ်တိုင်းပြည်နဲ့ ဘယ်လူမျိုးကော လွတ်လပ်ရေးကို သွေးမထွက် သံမယိုဘဲနဲ့ ရဖူးတယ်လို့ ရဲဘော် ကြားဖူးသလဲဟင်"

mgyoe.com

mgyoe.com

သူသည် ထိုအကြောင်းအရာကိုလည်း ဘယ်ကမျှ မကြားဖူးသဖြင့် ငြိမ်သက်စွာ နားထောင်ခဲ့ရသည်။

"အဲဒီတော့ ဂျပန်တွေက ကျုပ်တို့ကို လွတ်လပ်ရေးပေးလိမ့်မယ် ဆိုတာဟာ ဖြစ်ကောဖြစ်နိုင်ပါ့မလားဟင်"

"ဒီကောင်တွေလိမ်ရင်တော့ ကျုပ်တို့က ပြန်ချရုံပေါ့ဗျ"

သူသည် ငယ်ရွယ်သူပီပီ စိတ်ထဲ၌ ပေါ်ပေါက်လာသောဆန္ဒကို ရုတ်တရက် ပြန်ပြောလိုက်သည်။

"ပြန်ချမယ်ဆိုတာကတော့ ဟုတ်ပါရဲ့၊ ဘယ်မှာလဲ ကျုပ်တို့ရဲ့စစ်တပ်၊ ဘယ်မှာလဲ ကျုပ်တို့လက်နက်ခဲယမ်းမီးကျောက်"

"ဘီအိုင်အေရှိသားပဲ"

သူသည် လက်တစ်ကမ်းတွင် တွေ့မြင်မိသောအကြောင်းအရာကို ဆွဲထုတ်၍ ပြသလိုက်မိသည်။

"ဒါပေမဲ့ ဘီအိုင်အေဆိုတာက ဂျပန့်လိုင်စင်နဲ့ မှည့်ထားရတဲ့ တပ်ဆိုတာကို မေ့လို့မဖြစ်သေးဘူးလေ"

သူသည် ဘာမျှမပြောတတ်တော့သဖြင့် ငိုင်၍နားထောင်နေလိုက်ရသည်။

"ကျုပ်တို့မှာ အချုပ်အချယ်ကင်းတဲ့ ပြည်သူ့လက်နက်ကိုင်တပ်တွေ လိုတယ်။ ဘီအိုင်အေကိုလည်း အချုပ်အချယ်ကင်းတဲ့ ပြည်သူ့လက်နက်ကိုင်တပ်မတော်ကြီးဖြစ်လာအောင် လုပ်ဖို့ ကိုင်ဖို့ လိုလိမ့်ဦးမယ်"

ထိုခေါင်းဆောင်ပြောသောစကားများကို သူသည် ငေးမော၍သာ နားထောင်နေလိုက်မိသည်။ ဂျပန့်လိုင်စင်နှင့် ဖွဲ့စည်းထူထောင်ထားရသော ဘီအိုင်အေကဲ့သို့သော လက်နက်ကိုင်တပ်ကြီးတစ်တပ်ကို ပြည်သူ့လက်နက်ကိုင်တပ်ကြီးတစ်တပ် ဖြစ်လာအောင် အဘယ်သို့ ပြုလုပ်ကြ

mgyoe.com

မည်နည်း။ ထိုသို့မဟုတ်လျှင်လည်း အချုပ်အချယ်ကင်းသော ပြည်သူ့လက်နက်ကိုင်တပ်ကြီးတစ်တပ်ကို ဂျပန့်လက်အောက်တွင် အဘယ်သို့ဖွဲ့စည်းထူထောင်ရမည်နည်း။

*

mgyoe.com

mgyoe.com SAMPLE BOOK

# ရိုးမတောင်တန်း

## (၁)

နေဝင်လုနီးနေပြီ။

တောင်ရိုးတစ်လျှောက်တွင် ထိတ်လန့်ကြောက်မက်ဖွယ်ရာ ရုံလိုက် ရုံလိုက် ပွင့်နေသီးနေကြသော ကြသောင်းဝါးကြီးများကို တစ်ခုသော တောင်ယာဖုန်းဆိုးပျက်ကြီးအတွင်း၌ တစ်ယောက်တည်းရပ်ကာ ဖွတ်မေ့ပုတတ်မေ့ ငေးမောကြည့်ရှုနေရာမှ သင်တိုင်းဝတ် ကရင်အိုကြီး တာကောဒီသည် သက်ပြင်းကို ခပ်လေးလေးပင် ချလိုက်လေသည်။ ထို့နောက် ဦးခေါင်းကိုလည်း ခါယမ်း၍နေလေသည်။

တာကောဒီသည် အသက်အရွယ်အိုမင်းလျက် ရှိလေပြီ။ ရိုင်းစိုင်းကြမ်းကြုတ်လှသော တောတောင်နှင့် သဘာဝတို့၏ ပတ်ဝန်းကျင်တွင် မိမိ၏ အသက်ရှင်နေနိုင်ရေးအတွက် ကျပ်ကျပ်တည်းတည်းနှင့် ပင်ပင်ပန်းပန်း ရုန်းကန်တိုက်ခိုက်လာခဲ့ရသောကြောင့် ထိုကရင်ကြီးသည် အသက် ၅၀ သာသာခန့်မျှ အရွယ်တွင်ပင် များစွာ အိုမင်းကျဆင်းလျက်ရှိနေပေသည်။ သူ၏ဦးခေါင်းထက်မှ ဆံပင်များနှင့် နှုတ်ခမ်းအထက်မှ နှုတ်ခမ်းမွေးများသည်ပင် တော်တော်ကြီး အရောင်အဆင်း

mgyoe.com

mgyoe.com
SAMPLE BOOK


ပြောင်းလွဲလျက်ရှိနေလေပြီ။ နုပျိုငယ်ရွယ်စဉ်တုန်းအခါများက ကိုးတင်းမှုချသော ယာတောကိုပင်လျှင် တစ်ယောက်တည်း ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးခဲ့သော တာကောဒီ၏ လက်မောင်းအိုးကြီးများသည် ယခုအခါတွင် လက်ပျဉ်းများပင် ကျလျက်ရှိလေပြီ။ အသက် ၃၀ နှင့် ၄၀ အကြားအရွယ်တုန်းက တောင်အောက်နှင့် တောင်ပေါ် ဆန်သုံးတင်းကို ပေါ့ပေါ့ပါးပါးထမ်း၍ အပြေးအလွှားတက်လာခဲ့ဖူးသော သူ၏ခါး၊ ကျောပြင်နှင့် ပခုံးသားတို့သည်လည်း ယခုအခါတွင် လျော့ရဲကိုင်းညွတ်၍နေချေပြီ။

ဦးခေါင်းကို ခပ်လေးလေး ခပ်ဖြည်းဖြည်းခါယမ်း၍နေရာမှ ကရင်အိုကြီးသည် လက်ပျဉ်းများကျနေသော သူ၏လက်မောင်းတို့ကို မသက်မသာငုံ့ကြည့်လိုက်ပြန်သည်။ ထိုသို့ကြည့်ရှုရင်း ထိုအဘိုးအိုသည် စိတ်ဓာတ်များကျဆင်းသွားပြန်လေသည်။

သူသည် ဘယ်တုန်းအခါကမှ ယခုလောက် စိတ်ဓာတ်ကျဆင်းခြင်း မရှိခဲ့ဖူးချေ။ ရန်လိုသောသဘာဝနှင့် ကြမ်းကြုတ်ရိုင်းစိုင်းလှသောတောတောင်များအကြားတွင် မွေးဖွားကြီးပြင်း၍ အသက်ရှင် လူဖြစ်လာခဲ့ရသော သတ္တဝါတစ်ကောင်ပီပီ သူသည် ဘာကိုမှုလည်း ကြောက်လန့်ရမှန်း မသိခဲ့ချေ။ ရန်လိုခြင်းနှင့် ရန်မူခြင်းများကို ရုန်းကန်တွန်းလှန်ရင်း၊ ခုခံတိုက်ခိုက်ရင်း အသက်ရှင်နေရသော သတ္တဝါတစ်ကောင်ပီပီ သူသည် အင်မတန်ရဲရင့်သော လူသားတစ်ဦးပင်ဖြစ်သည်။ သို့ရာတွင် ယခုအခါ၌ ထိုကဲ့သို့ ရုန်းကန်တွန်းလှန်ခြင်း၊ ခုခံတိုက်ခိုက်ခြင်းနှင့် ရဲရင့်တည်ငြိမ်ခြင်းများသည် ထိုကရင်အိုကြီး၌ မကြွင်းမကျန်တော့သကဲ့သို့ ဖြစ်နေပုံရလေသည်။ အိုမင်းမစွမ်းရှိလာပြီဖြစ်သော လက်မောင်းအိုးများကိုတစ်လှည့်၊ တောင်ရိုးပတ်ပတ်လည်တွင် ရုံလိုက် ရုံလိုက် သဉ်းစပြုနေသော ကြသောင်းဝါးတောကြီးကိုတစ်လှည့် ကြည့်ရှုရင်း စိတ်အားငယ်

mgyoe.com

mgyoe.com SAMPLE BOOK

လျက်ရှိနေရှာပေသည်။

(၂)

သို့ရာတွင် ကရင်အိုကြီးသည် သူ၏ တစ်ဝမ်းတစ်ခါးအတွက် ထိုမျှ စိတ်အားငယ်နေခြင်းတော့ကား မဟုတ်ချေ။ တာကောဒီတွင် သားသမီးတစ်ယောက်မျှ မထွန်းကားခဲ့ချေ။ သူတို့ အဘိုးကြီး၊ အဘွားကြီး လင်မယားနှစ်ယောက်တည်းသာ ဖြစ်သည်။ သူ၏မယား ဒေါ်ဖြူသည်လည်း ဖြစ်ရာမှာရှိသမျှနှင့် တင်းတိမ်ရောင့်ရဲတတ်သော အမယ်ကြီးတစ်ဦးမျှသာ ဖြစ်ပေသည်။

သူသည် သူ၏အဘွားကြီးအတွက်လည်း ဘာမျှပူပင်ကြောင့်ကြစရာမရှိချေ။

တာကောဒီသည် အိမ်ထောင်စု ၃၀ သာသာခန့်မျှ ပေါင်းစည်းစုဝေးကာ ရိုးမပေါ်တွင် နေထိုင်လျက်ရှိသော လူ့သမဂ္ဂနှင့် အစုအဝေးကလေးတစ်ခု၏အကြီးအကဲနှင့် ခေါင်းဆောင်ကြီးဖြစ်လေသည်။ ယင်းသို့ တာကောဒီသည် ရိုးမပေါ်ရှိ သင်တိုင်းဝတ် ကရင်ရွာကလေးတစ်ရွာ၏ အကြီးအကဲနှင့် ခေါင်းဆောင်ဖြစ်လာရခြင်းမှာ မည်သည့်အာဏာပိုင်ကမှ ခန့်အပ်၍လည်းမဟုတ်၊ ၎င်းကိုယ်တိုင် အကြီးအကဲလုပ်လိုလှ၍ ကြံစည်အားထုတ်သောကြောင့်လည်းမဟုတ်။ ၎င်းပါဝင်နေထိုင်လျက်ရှိသော လူ့သမဂ္ဂကလေးတစ်စုလုံးက ယုံကြည်အားထားစွာဖြင့် ၎င်းကိုတညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခြင်း ပြုထားကြသောကြောင့်မျှသာ ဖြစ်လေသည်။ ယခင်အကြီးအကဲဖြစ်သော ဦးပန်းစိန် ရုတ်တရက်ကွယ်လွန်သွားသောအခါ ရွာသားများအားလုံးက ၎င်းတို့ဆန္ဒနှင့် ယုံကြည်ခြင်းရှိသည့်အတိုင်း တာကောဒီကို ၎င်းတို့သမဂ္ဂ၏ အကြီးအကဲအဖြစ်ဖြင့် အတင်းအကျပ်တင်မြှောက်ခြင်း ပြုကြလေသည်။ လူ့သမဂ္ဂ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခု၏ တာဝန်ဟူသမျှကို ကျုံး၍တာဝန်ယူရသောအလုပ်သည် သေးငယ်လွယ်ကူလှသော အလုပ်တော့ကား မဟုတ်ချေ။ မိမိ၏အကျိုးစီးပွားကို အများ၏အကျိုးစီးပွားအတွက် လက်အောက်ခံထား၍ ဆောင်ရွက်ခြင်းပြုရသောအလုပ်ဖြစ်လေသည်။ ထို့ကြောင့် သားထောက်သမီးခံမရှိသော တာကောဒီသည် ၎င်း၏သမဂ္ဂဝင်များက တစ်စိတ်တစ်ဝမ်းတည်း အပ်နှင်းကြသောတာဝန်ကို အစပထမတွင် ငြင်းဆန်ခြင်း ပြုခဲ့မိသည်။ သူသည် အေးအေးဆေးဆေးနေထိုင်လိုသည့်အလျောက် ထိုတာဝန်ကို ရှောင်လွှဲခြင်းပြုနိုင်ရန်အတွက် အမျိုးမျိုးသောအကြောင်းများကို ရှာကြံပြသကာ အကြိမ်ကြိမ်အခါခါ ငြင်းဆန်ခြင်းပြုလေသည်။ သို့ရာတွင် တစ်ရွာလုံးက သူ့ကိုသာ အားထားယုံကြည်လျက် ရှိနေကြသည့်အလျောက် တာကောဒီကို အတင်းအကျပ် ရွေးချယ်တင်မြှောက်ခြင်းပြုကြလေသည်။ သူသည် မည်ကဲ့သို့မျှ ငြင်းဆန်ခြင်း ပြု၍မရသောအခါ အိမ်မှ မယားလုပ်သူကို တိုင်ပင်ပြောဆိုခြင်း ပြုလေသည်။ ဘဝခရီးသွားဖော်ဖြစ်သော မယားကပါ သဘောတူခွင့်ပြုလိုက်သောအခါမှ တာကောဒီသည် ၎င်း၏သမဂ္ဂဝင်များက အတင်းအဓမ္မပေးအပ်လျက်ရှိနေကြသော တာဝန်ကို လက်ခံခြင်းလည်း ဖြစ်ပေသည်။

သူကြီးဟူ၍ ခေါ်တတ်ကြသော ကရင်အမျိုးသားလူကြီးတစ်ဦးဖြစ်သူ ဦးပန်းစိန်တစ်ယောက် ကွယ်လွန်သွားခဲ့သည်မှာ နှစ်ပေါင်းအစိတ်ခန့်မျှပင် ကြာမြင့်သွားခဲ့လေပြီ။ ထိုကာလနှင့်အမျှ တာကောဒီသည် အိမ်ခြေ ၃၀ ခန့်မျှရှိသော ၎င်းနှင့်သက်ဆိုင်နေသည့် လူ့သမဂ္ဂတစ်ခု၏တာဝန်ကို ရှေ့ဆောင်ရှေ့ရွက်ပြုလာခဲ့သော နှစ်ပေါင်းအစိတ်သာသာခန့်အတွင်း ရိုးမပေါ်တွင် ရေကြည်ရာ မြက်နုရာ ယာအားများကို လိုက်လံရှာဖွေကာ တောင်ယာပဲခင်း ခုတ်ထွင်လုပ်ကိုင်စားသောက်ရရင်းအခက်အခဲ အကျပ်အတည်းအမျိုးမျိုးတို့ကို တွေ့ကြုံဖြတ်သန်းခြင်း ပြု

mgyoe.com

mgyoe.com  SAMPLE BOOK 

လာခဲ့ရသည်။

သဘာဝတစ်ခုတည်းကိုသာ အဓိကအားပြုလုပ်ကိုင်ခြင်းပြုရသော တောင်ယာလုပ်ငန်းသည် မိုးလေမမှန်ကန်သောနှစ်များတွင် များစွာဒုက္ခပေးတတ်လေသည်။ ထို့အတူ ပိုးနှင့်ကြွက်များ၊ ကြွက်များကျသောနှစ်တွင်လည်း လှလှကြီး ဒုက္ခတွေ့ကြရလေသည်။ ထိုကဲ့သို့သောနှစ်များတွင် မည်သူမျှ ဝမ်းစာမလောက်ကြတော့ချေ။ တောကြီးမျက်မည်းထဲတွင် ဝမ်းစာမလောက်သောအခါ၌ သရောကြီးခိုင်းဖို့သာ ဖြစ်ပေသည်။ ဝါးဆန်များ၊ ကြွေဥမျောက်ဥများကို ထမင်းအဖြစ်ဖြင့် နောက်စပါးမပေါ်မီအထိ မသေရုံ စားကြရလေသည်။ ငတ်လွန်းမက ငတ်လှသောအခါများတွင် မြေညီပိုင်းရှိ မြန်မာရွာများသို့ ၎င်းတို့၏ ကြက်လေး၊ ဝက်ကလေးများကို ထမ်းပိုးယူဆောင်သွားရပြီးလျှင် ရတတ်သမျှသော ဆန်ကလေး၊ စပါးကလေးများဖြင့် လဲလှယ်ကြရပေသည်။ ထို့နောက် မြေညီပိုင်းရှိ မြန်မာရွာများက ရရှိလာသော ဆန်၊ စပါးကလေးများကို ပင်ပင်ပန်းပန်း ထမ်းပိုးကာ တောင်ကုန်းများပေါ်သို့ ယူဆောင်လာကြရပြီးလျှင် ငတ်မွတ်နေသော သက်ကြီးရွယ်အိုများနှင့် လူမမည်ကလေးငယ်များကို ကျွေးမွေးရလေသည်။

## (၃)

ယင်းသို့ ရန်လိုသော သဘာဝ၏ ညှဉ်းပန်းနှိပ်စက်မှုများအပြင် ခိုးသား ဓားပြများ၏ အနိုင်အထက်ပြုမှု ကျင့်ကြံခြင်း ခံရသောအခါများကိုလည်း တာကောဒီသည် ဖြတ်သန်းခဲ့ရဖူးလေသည်။ မြေညီပိုင်းတွင် အလုပ်အကိုင်များ ပျက်ပြား၍ အရောင်းအဝယ်များ ညံ့ဖျင်းသောနှစ်များ၌ သူခိုး ဓားပြနှင့် ပြန်ပေးများသည် မကြာခဏဆိုသလို တောင်ပေါ်ကမ်းပေါ်သို့ တက်ရောက်လာတတ်ကြလေ့ရှိသည်။ ထိုလူဆိုး

mgyoe.com

 mgyoe.com SAMPLE BOOK 

များသည် တောင်ပေါ် ကမ်းပေါ်ရှိ ကရင်ရွာကလေးများတွင် လာရောက် ခိုအောင်းရုံသက်သက်မျှသာမဟုတ်သေးဘဲ ရံဖန်ရံခါ တိုက်ခိုက်လုယက် သွားတတ်ကြလေသည်။ သူတို့က လုယက်တိုက်ခိုက်၍ ကရင်ရွာ ကလေးများက သူတို့အလိုရှိသော ပစ္စည်းများကို တကယ် မပေးနိုင်ရှာ ကြ၍ မပေးနိုင်ပြန်လျှင်လည်း သက်သာခွင့်မပေးကြချေ။ "မင်းတို့ သင်တိုင်းဝတ်ကရင်တွေ ဒါလောက်တောင်ပဲ ဆင်းရဲရသလား ဟေ့" ဟုဆိုကာ ဓားပြားနှင့် ကျောကော့အောင် ရိုက်နှက်သွားတတ်ကြသေး သည်။ တာကောဒီသည် ယင်းသို့ လူဆိုးများ၏ အနိုင်အထက် ညှဥ်းပန်း နှိပ်စက်မှုများကို ခံရဖန် များလာသောအခါ ၎င်းတွင် ဝတ္တရားရှိသည့် အတိုင်း ထိုအန္တရာယ်ကို ကာကွယ်ရန်အတွက် နည်းလမ်းကို စဉ်းစား ရှာဖွေခြင်းလည်း ပြုရပြန်လေသည်။

လုပ်သေနတ်နှင့် ဓားများကို လက်နက်ပြု၍ အနိုင့်အထက် ကျင့် ကြံတတ်သော ယင်းလူဆိုးများ၏အန္တရာယ်ကို ကာကွယ်ရန်မှာ ၎င်းတို့ ကဲ့သို့ မိမိတို့ကိုယ်ကို လက်နက်များ တပ်ဆင်ပေးဖို့သာဖြစ်ကြောင်း တာကောဒီသည် ခါးသီးလှသော ဘဝအတွေ့အကြုံများမှ နားလည် သိမြင်လာခဲ့ပုံ ရလေသည်။ လက်နက်ကိုင်လာသော ဓားပြကို ဘယ် တုန်းကမျှ တောင်းပန်၍သော်လည်းကောင်း၊ အသနားခံ၍သော်လည်း ကောင်း၊ မျက်ရည်ခံထိုး၍သော်လည်းကောင်း ရခဲ့ဖူးသည်မရှိချေ။ လက် နက်ဖြင့် လုယက်တိုက်ခိုက်ရန် လာသောလူဆိုးနှင့် ဓားပြတို့ကို ၎င်းတို့ နည်းတူ လက်နက်နှင့် ပြန်လည်ခုခံတိုက်ခိုက်မှသာ ထိုလူမိုက်သည် နားလည်တတ်ကြပေသည်။

ရန်လိုတတ်သော သဘာဝ၏နှိပ်စက်မှုကို ခေါင်းငုံ့၍ခံခဲ့ရသော် လည်း လူဆိုးဓားပြများ၏ ညှဉ်းပန်းနှိပ်စက်မှုများကို ပြန်လည်ခုခံရန် အတွက် တာကောဒီသည် ၎င်းအဖို့ များစွာစိတ်ချယုံကြည်ရသော ရွာ

mgyoe.com

mgyoe.com SAMPLE BOOK


သားတစ်ယောက်၊ နှစ်ယောက်တို့နှင့် တိုးတိုးတိတ်တိတ် တိုင်ပင်ကာ လုပ်သေနတ်ပုန်းများ ရှာဖွေဝယ်ယူရန် စီစဉ်ရလေသည်။

မိမိ တာဝန်ယူထားရသော လူ့သမဂ္ဂကလေး၏ လုံခြုံမှုကို ကာကွယ်ရန်အတွက် တာကောဒီသည် မရှိလျှင်မဖြစ်သော လုပ်သေနတ်များကို အဘယ်သို့ ရှာဖွေရမည်နည်း။ တာကောဒီသည် တောင်ပေါ်ကမ်းပေါ်တွင် လုပ်ကိုင်စားသောက်ရသော ကရင်အမျိုးသားတစ်ဦးမျှသာ ဖြစ်လေသည်။ သူသည် ထိုကဲ့သို့ အင်္ဂလိပ်မင်း၏ တရားဥပဒေအပြင်အပမှ ပစ္စည်းများအား အဘယ်သို့ ရှာဖွေရမည်ကို မသိချေ။

(၄)

ယင်းသို့ အခက်အခဲတွေ့လာသောအခါ သူသည် ငယ်စဉ်က ကျောင်းနေဖက် မြန်မာအမျိုးသား သူငယ်ချင်းတစ်ဦးကို ပြေး၍ သတိရလာသည်။ ထိုကျောင်းနေဖက် သူငယ်ချင်းဆိုသူမှာ ကျောက်ပြင်သာရွာမှ စံထွန်းဆိုသူဖြစ်လေသည်။ တာကောဒီနှင့် စံထွန်းတို့သည် ရွှေလောင်းဦးပေါက်ဆိန်ကျောင်းတွင် မင်္ဂလသုတ်အထိ ကျောင်းနေဖက် စာအံဖက်များဖြစ်ကြလေသည်။ ကရင်နှင့် မြန်မာအမျိုးသားများဖြစ်ကြသော်လည်း ညီအစ်ကိုရင်းတမျှ ခင်မင်ရင်းနှီးခဲ့ကြသည်။ ထို့ကြောင့် မိမိ၏ လူ့သမဂ္ဂအတွက် မရှိလျှင်မဖြစ်သော သေနတ်ပုန်းကို ရှာဖွေဝယ်ခြမ်းရန် တာကောဒီသည် တောင်ပေါ်မှ မြေညီသို့ ဆင်းရလေသည်။ ပြင်သာရွာတွင်နေထိုင်သော ဘုန်းတော်ကြီး ဦးကဝိ၏ ယောက်ဖတော်စပ်သူ စံထွန်းဆီသို့ သွားရောက်ရလေသည်။

စံထွန်းသည် ပြင်သာရွာတွင် စားနိုင် သောက်နိုင်သော လယ်သမားတစ်ဦးဖြစ်သည်။ ကိုယ်ပိုင်လယ်၊ ကိုယ်ပိုင်နွားနှင့် တစ်နှစ်တစ်နှစ်လျှင် စပါးခြောက်ရာခန့်ရသော လယ်သမားတစ်ယောက်လည်း ဖြစ်

mgyoe.com

mgyoe.com  SAMPLE BOOK 

သည်။ သို့ရာတွင် စံထွန်းသည် ရိုးရိုးသားသား လယ်သမားတစ်ယောက် တော့ကား မဟုတ်ချေ။ ဝံသာနုအသင်းသားတစ်ယောက်လည်း ဖြစ်လေ သည်။ အသင်းသားတစ်ယောက်ဆိုလည်း ဟုတ်သည်။ အခွန်တော် မပေးရေးကို ကျယ်ကျယ်လောင်လောင် လှုံ့ဆော်ဟောပြောနေသော လယ်သမားသူပုန်တစ်ယောက်လည်း ဖြစ်နေသည်။

စံထွန်း၏မယားမှာ မငြိမ်းမယ်ဆိုသူဖြစ်သည်။ မငြိမ်းမယ်ဆိုသူမှာ လည်း နှယ်နှယ်ရရထဲကမဟုတ်ချေ။ ပြင်သာရွာနှင့် ရွာနီးချုပ်စပ်များ က ကိုးကွယ်နေကြသော ဘုန်းတော်ကြီး ဦးကဝိ၏နှမဝမ်းကွဲဖြစ်သည်။ စံထွန်းနှင့် မငြိမ်းမယ်တို့တွင် ထွန်းနိုင်ဆိုသော သားယောကျ်ားကလေး တစ်ယောက် ထွန်းကားသည်။ နိုင်ငံရေးအမြင်ရှိသော လယ်သမား တစ်ဦး၏သား ဖြစ်သည့်အလျောက် ထွန်းနိုင်ကို သူ၏မိဘများက တောင်ငူမြို့တွင် ကျောင်းထားပေးလေသည်။

တာကောဒီသည် သေနတ်ပုန်းများကို ရှာဖွေဝယ်ခြမ်းရန်အတွက် ပြင်သာရွာသို့ဆင်းလာရင်း ၎င်း၏ကျောင်းနေဖက်သူငယ်ချင်း စံထွန်း နှင့် ပြန်လည်ပေါင်းစည်းမိလေသည်။ နှစ်အတန်ကြာမျှ လူချင်းအဆက် ပြတ်ကာ ကွဲကွာနေသော သူငယ်ချင်းကို စံထွန်းက ဝမ်းသာအားရ ညှော်ခံပြုစုလေသည်။ အပေါင်းအသင်းနှင့် အဆက်အသွယ်များပြားသော စံထွန်းက တာကောဒီ အရေးတကြီးအလိုရှိနေသော လက်နက်ပုန်းများ ကို ၎င်းကိုယ်တိုင် ခဲခဲယဉ်းယဉ်း လိုက်လံရှာဖွေ၍ ဝယ်ခြမ်းပေးလေ သည်။ ယင်းသို့ဖြင့် တာကောဒီနှင့် စံထွန်းတို့သည် ပြန်လည်အဆက် အသွယ်ရှိခဲ့ကြလေသည်။ တစ်ဦးနှင့်တစ်ဦး အကူးအသန်းအဆက် အသွယ်များ ရှိခဲ့ကြသည်။ ထွန်တုံးပိတ်သောရာသီများတွင် စံထွန်းတို့ သားအဖနှစ်ယောက်သည် တောင်ရိုးပေါ်ရှိ တာကောဒီတို့ရွာသို့ လာ ရောက်လည်ပတ်ကာ စပါးသိမ်းဆည်းပြီးသောအချိန်များတွင် တာကော

mgyoe.com

mgyoe.com
SAMPLE BOOK


ဒီတို့လင်မယားနှစ်ယောက်သည် ပြင်သာရွာသို့ အလည်အပတ်လာကြသည်။ စံထွန်းနှင့် တာကောဒီတို့သည် ညီအစ်ကိုများပမာ ချစ်ခင်ကြသကဲ့သို့ ၎င်းတို့၏သားမယားများဖြစ်ကြသော ဒေါ်ဖြူနှင့် ဒေါ်ငြိမ်းမယ်တို့သည်လည်း တစ်ယောက်နှင့်တစ်ယောက် ညီအစ်မများကဲ့သို့ ခင်မင်လာကြလေသည်။ စံထွန်းနှင့် မငြိမ်းမယ်တို့ကမွေးသော ထွန်းနိုင်ကိုလည်း သားသမီး မထွန်းကားကြရှာသော တာကောဒီနှင့် ဒေါ်ဖြူတို့လင်မယားက ၎င်းတို့၏သားကလေးကဲ့သို့ ချစ်ခင်ကာ "ဖိုးခွား... ဖိုးခွား" ဟု ခေါ်ဝေါ်တတ်လေသည်။ စပါးသိမ်းဆည်းပြီး၍ မြေညီသို့ ဆင်းလာတတ်သောအခါတိုင်း ထိုကရင်အမျိုးသား လင်မယားနှစ်ယောက်တို့သည် ၎င်းတို့၏ဖိုးခွားအတွက် သင်တိုင်းကလေးများကို ယူဆောင်လာပေးတတ်ကြသည်။ ထွန်းနိုင်က သင်တိုင်းကလေးကိုဆင်မြန်းကာ ထိုကရင်အမျိုးသား လင်မယားနှစ်ဦးတို့အား ဖထီးနှင့် ပိုးပိုးဟု ခေါ်ဝေါ်သောအခါတိုင်း တာကောဒီနှင့် ဒေါ်ဖြူတို့လင်မယားသည် အမောအပန်းပြေတတ်ကြလေသည်။

(၅)

တာကောဒီသည် အားငယ်တတ်သောအခါတိုင်း ၎င်း၏ မြန်မာအမျိုးသား သူငယ်ချင်း စံထွန်းကို လွမ်းလွမ်းဆွတ်ဆွတ်လည်း ဖြစ်လာတတ်လေသည်။

ထို့ရာတွင် တာကောဒီ၏သူငယ်ချင်း စံထွန်းတစ်ယောက်ကား မရှိရှာတော့ချေ။ သူသည် မင်းပြစ်မင်းဒဏ်ကိုခံရရင်း ပင်လယ်ခြားသောတစ်ကျွန်းတွင် ကွယ်လွန်သွားခဲ့သည်မှာလည်း ၁၀ နှစ်ခန့်မျှပင် ရှိချေတော့သည်။ သို့ရာတွင် ထိုအဖြစ်အပျက် အကြောင်းအရာများသည် ကရင်အိုကြီး တာကောဒီအတွက် ဟောင်းအိုခြင်းမရှိချေ။ စဉ်းစားမိတိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

သစ်၍သစ်၍လာတတ်သည်။

ဆန်စပါးဈေးများ ခေါက်ထိုးမိုးမျှော်ကျဆင်းကာ အင်္ဂလိပ်မင်းများက ဆင်းရဲသား တောင်သူလယ်သမားများထံမှ ကြီးလေးလှသော အခွန်တော်များကို နိုင့်ထက်စီးနင်း လုယက်ယူငင်သောနှစ်များက မည်ကဲ့သို့မျှ မခံနိုင်ကြတော့သော နောက်ပိတ်ခွေးများသည် အင်္ဂလိပ်အစိုးရမင်းများကို ဓားများ၊ လှံများဖြင့် တွန်းလှန်ခုခံကြလေသည်။ ထိုသို့ တောင်သူလယ်သမားသူပုန်ကြီး ထကြွလာသောအခါ ပြင်သာရွာမှ ၎င်း၏သူငယ်ချင်း စံထွန်းသည် ဂဠုန်သူပုန်ကြီးတစ်ဦး ဖြစ်သွားလေသည်။ ဗိုလ်စံထွန်းသည် အိုးအိမ်နှင့် သားမယားတို့ကိုပင် စွန့်ပစ်ကာ ၎င်းအုပ်စီးသော သူပုန်တပ်ကြီးနှင့် အင်္ဂလိပ်တပ်များကို ခုခံတိုက်ခိုက်ခဲ့သည်။ ဂဠုန်သူပုန်များ စစ်ရေးရှုံးနိမ့်၍ ရွှေပြည်အေးဆရာတော်များကို ယုံစားကာ လက်နက်ချသူများကချ၍ နောက်တစ်ကြိမ် ပြန်လည်ထကြွတိုက်ခိုက်ခြင်းပြုရန်အတွက် ရှောင်တိမ်းပြင်ဆင်သူများက ပြင်ဆင်ကြသောအခါ ဗိုလ်စံထွန်းသည် ရွှေပြည်အေးဒေသနာကို ယုံစားသောစာရင်းထဲတွင် မပါချေ။ သူသည် လက်ထဲတွင်ရှိသော လက်နက်များကိုပါ ယူဆောင်ကာ တာကောဒီ၏ရွာသို့ လာရောက်ခိုအောင်းခြင်း ပြုလေသည်။ တာကောဒီနှင့် ၎င်း၏ရွာသားများကလည်း ကောင်းစွာ ကာကွယ်စောင့်ရှောက်ထားပေးခဲ့ကြလေသည်။ သို့ရာတွင် စစ်ရှုံးသော ဂဠုန်သူပုန်ဗိုလ်ကြီး စံထွန်းသည် တောင်ရိုးပေါ် ကရင်ရွာတွင် အေးအေးဆေးဆေး မနေနိုင်ပြန်ချေ။ သားနှင့်မယားတို့ကို လွမ်းသည်ဟုဆိုကာ ပြင်သာရွာသို့ မကြာခဏ လစ်၍ပြန်တတ်လေသည်။ ထိုကဲ့သို့ လစ်၍အပြန်တွင် သူကြီး ဦးတောက်ထိန်က သစ္စာဖောက်သဖြင့် အင်္ဂလိပ်တပ်များက သူ့ကို ဖမ်းဆီးရမိသွားခြင်းဖြစ်လေသည်။

စံထွန်းကို တစ်သက်တစ်ကျွန်းချလိုက်သည်။ ထို့နောက် တစ်ကျွန်း

mgyoe.com

mgyoe.com

တွင်ပင် သေဆုံးသွားသည်ဆိုသော သတင်းများကို ကြားရသောအခါ တာကောဒီသည် များစွာအားလျော့သွားခဲ့သည်။ အားအကိုးရဆုံးနှင့် ရင်းနှီးခင်မင်လှသော ငယ်သူငယ်ချင်းတစ်ဦးကို ဆုံးပါးလိုက်သည့်အတွက် တာကောဒီနှင့် ဒေါ်ဖြူတို့ ဇနီးမောင်နှံမှ္ဘသာမက စံထွန်းအကြောင်းကိုသိ၍ သွေးရင်းသားရင်းကဲ့သို့ ခင်မင်ကြသော ရွာသားများသည်လည်း တော်တော်ကြီး စိတ်မကောင်းဖြစ်လိုက်ကြသည်။

ကရင်အိုကြီး တာကောဒီသည် အားငယ်တတ်သောအခါတိုင်း ၎င်း၏မြန်မာအမျိုးသား ငယ်သူငယ်ချင်း စံထွန်းကို လွှိုက်လှိုက်လှဲလှဲ သတိရလာတတ်သည်။ သို့ရာတွင် စံထွန်းကား လူ့ပြည်တွင်မရှိတော့ချေ။ သူ့မယား မငြိမ်းမယ်လည်း မရှိရှာတော့ချေ။ သူတို့လင်မယား နှစ်ယောက်စလုံးပင် ကွယ်လွန်သွားကြလေပြီ။

တာကောဒီသည် စံထွန်းနှင့် မငြိမ်းမယ်တို့က ပေါက်ဖွားသော ဖိုးခွားထွန်းနိုင်ကို သတိရမိသည်။ ထိုသူငယ်နှင့် လူချင်းမတွေ့ရသည်မှာလည်း အခါလည်လုနီးလေပြီ။

(၆)

နေဝင်လုနီးလေပြီ။

တောင်ရိုးတစ်လျှောက်တွင် ထိတ်လန့်ကြောက်မက်ဖွယ် ပင်ရုံလိုက်၊ ရုံလိုက် ပွင့်နေ သီးနေကြသော ကြသောင်းဝါးတောကြီးများကို တစ်ခုသော တောင်ယာဖုန်းဆိုးပျက်ကြီးအတွင်း၌ တစ်ယောက်တည်း ရပ်ကာ ဖွတ်မေ့ပုတတ်မေ့ ငေးမောကြည့်ရှုနေရာမှ သင်တိုင်းဝတ် ကရင်အိုကြီး တာကောဒီသည် သက်ပြင်းကို ခပ်လေးလေးပင်ပင် ချလိုက်လေသည်။ ထို့နောက် ဦးခေါင်းကိုလည်း ခါယမ်း၍နေလေသည်။

ကြသောင်းဝါးတောကြီးများ ပွင့်ကြ သီးကြသောကိစ္စသည်

mgyoe.com

တောင်ရိုးပေါ်တွင် တောင်ယာခုတ်စားကြရသော သင်တိုင်းဝတ် ကရင်အမျိုးသားများအတွက် အလွန်တရာ မကောင်းလှသော နိမိတ်လက္ခဏာတစ်ရပ်ပင် ဖြစ်လေသည်။ ကြသောင်းဝါးများ ပွင့်ကြ သီးကြသောကိစ္စကို ဝါးကြီးသုဉ်းသည်ဟု ခေါ်ဆိုကြလေသည်။

ကြသောင်းဝါးကြီးသည် မြန်မာနိုင်ငံ သစ်တောများတွင် နှစ်ပေါင်း ၅၀ လျှင် တစ်ကြိမ်ခန့်မျှ ပွင့်တတ်သီးတတ်ကြလေသည်။ ထိုသို့ ကြသောင်းဝါးကြီးများ ပွင့်ကြသီးကြသောအခါ ထိုဝါးပွင့်၊ ဝါးသီး၊ သို့မဟုတ် ဝါးဆန်များကို စားသောက်တတ်ကြသော ကြွက်များ၊ ကြက်များသည် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ထကြွသောင်းကျန်းလာတတ်ကြလေသည်။ ယင်းသို့ ထကြွသောင်းကျန်းလာကြသော တောကြက်အုပ်ကြီးများနှင့် ကြွက်အုပ်ကြီးများသည် ဝါးဆန်များကိုသာလျှင်မက တောင်ရိုးပေါ်တွင် စိုက်ပျိုးထားကြရသော ကရင်အမျိုးသားများ၏ တောင်ယာပဲခင်းများကိုပါ ဝင်ရောက်စားသောက် ဖျက်ဆီးတတ်ကြပေသည်။ တောကြက်များထက် ကြွက်များသည် အလွန်တရာ များပြားသောင်းကျန်းလှရကား ကိုးတင်းမျှကျသော တောင်ယာကြီးတစ်ခုကို ကြီးမားသောင်းကျန်းလှသော ကြွက်အုပ်ကြီးတစ်အုပ်သည် တစ်ညတည်းနှင့် တက်တက်ပြောင်၍သွားအောင် စားသောက်ဖျက်ဆီးပစ်လိုက်တတ်လေသည်။ ယင်းသို့ ဝါးကြီးသုဉ်းသည်ကို အကြောင်းခံ၍ ပေါ်ပေါက်လာသော ကြက်နှင့်ကြွက်များသည် တောင်ရိုးပေါ်တွင် ပင်ပင်ပန်းပန်းနှင့် ခက်ခက်ခဲခဲ လုပ်ကိုင်စားသောက်ကာ အသက်ရှင်နေထိုင်ကြရရှာသော ကရင်အမျိုးသားများကို လှလှကြီး ဒုက္ခပေးလေတော့သည်။ တစ်နှစ်စာအတွက် အားစိုက်ခွန်စိုက် လုပ်ကိုင်ထားကြရသော ၎င်းတို့၏ တောင်ယာပဲခင်းကလေးများကို တောကြက်နှင့် ကြွက်များသည် တက်တက်ပြောင်အောင် စားသောက်ဖျက်ဆီးပစ်လိုက်ကြသော

mgyoe.com

mgyoe.com SAMPLE BOOK

အခါ သင်တိုင်းဝတ်တောင်ပေါ်သားများသည် တောကြီးမျက်မည်းထဲတွင် မျက်လုံးသူငယ်နှင့် သရောကြီးခိုင်းကြရလေသည်။

ကရင်အိုကြီး တာကောဒီသည် ယင်းသို့ ကြသောင်းဝါးကြီးသုဉ်း၍ သရောကြီးခိုင်းသော အဖြစ်အပျက်အကြောင်းအရာများကို ၎င်းငယ်စဉ်က တစ်ကြိမ်မျှ တွေ့ကြုံခဲ့ဖူးလေသည်။ သို့ရာတွင် ထိုအဖြစ်အပျက်များကို တွေ့ကြုံခြင်းပြုခဲ့ရစဉ်က တာကောဒီသည် ခြောက်နှစ်သားသာသာ ခုနစ်နှစ်သားအရွယ် ကလေးသူငယ်တစ်ယောက်မျှသာ ဖြစ်လေသည်။ ထို့ကြောင့် ထိုအကြောင်းအရာနှင့် အဖြစ်အပျက်များကို သူသည် လေးလေးနက်နက်မသိလိုက်ချေ။ ထိုသို့ ဝါးကြီးသုဉ်း၍ ထမင်းများ ငတ်ခဲ့ကြရစဉ်က အဘယ်သို့ ဒုက္ခပင်လယ်ဝေခဲ့ရသောအကြောင်းအရာများကိုလည်း တာကောဒီသည် အသေးစိတ်မသိခဲ့ချေ။ ၎င်းမိဘများသည် ၎င်းတို့၌ရှိတတ်သော ကြက်ကလေး၊ ဝက်ကလေးများကို မြေညီရွာသို့ ထမ်းပိုးသယ်ဆောင်သွားသော အဖြစ်အပျက်နှင့် မြေညီရွာများမှ တောင်ပေါ်သို့ စပါးကလေးများ ထမ်းပိုးသယ်ဆောင်လာကြရသော အကြောင်းမျှလောက်ကိုသာ ခပ်ရေးရေးမှတ်မိလေသည်။ မည်ကဲ့သို့ပင်ဖြစ်စေ ကြသောင်းဝါးကြီးသုဉ်းလျှင် ၎င်းတို့တောင်ပေါ်သားများ သရောကြီးခိုင်းကာ ငတ်မွတ်သေကျေရသော ကိစ္စကိုမူကား ကရင်အိုကြီး တာကောဒီသည် ကောင်းစွာနှလုံးသွင်းလျက်ရှိလေသည်။ တကယ်ဆိုတော့ ထိုအဘိုးအိုသည် သူ၏ သက်ဆိုင်ရာ လူ့သမဂ္ဂကလေးတွင် တာဝန်ကြီးလေးလှသော အကြီးအကဲဖြစ်သည် မဟုတ်လော။

ဖုန်းဆိုးပတ်လည်ရှိ တောင်ရိုးတစ်လျှောက်တွင် ရှုံလိုက်ရှုံလိုက်ပွင့်နေ သီးနေကြသော ကြသောင်းဝါးတောကြီးများကို ငေးမောကြည့်ရှုရင်း ကရင်အိုကြီး တာကောဒီသည် သက်ပြင်းကို ထပ်ခါတလဲလဲချကာ

mgyoe.com

mgyoe.com


ဦးခေါင်းကိုလည်း အကြိမ်ကြိမ် ခါယမ်းနေခြင်းမျှသာ ဖြစ်လေသည်။

ကြသောင်းဝါးကြီး သုဉ်းသောကိစ္စနှင့်ပတ်သက်၍ လာမည့်နှစ်အတွက် ဝမ်းရေးကိစ္စများကိုသာလျှင် တွေးတောစဉ်းစားကာ ပူပန်နေရာမှ တာကောဒီသည် လွန်ခဲ့သောဆယ့်လေးငါးရက်ခန့်လောက်က မြေညီပိုင်းမှကြားရသော အမြောက်သံနှင့် ဗုံးသံများအကြောင်းကို သတိရလာပြန်လေသည်။ အမြောက်ဆန်နှင့် ဗုံးဆန်များ ပေါက်ကွဲသော မြေညီပိုင်းသည် တောင်ပေါ်ဒေသနှင့် မိုင်ပေါင်းလေးငါးခြောက်ဆယ်ခန့်မျှ ဝေးလေသည်။ သို့ရာတွင် ထိုပေါက်ကွဲသံများ၏ ဂယက်နှင့် လှိုင်းတံပိုးတို့သည် တောင်ပေါ်ကမ်းပေါ်သို့လည်း လာရောက်ရိုက်ခတ်လျက်သာရှိလေသည်။

တစ်မြေတည်း၊ တစ်ရေတည်းကဲ့သို့ ဖြစ်နေသဖြင့် မြေညီပိုင်း၌ဖြစ်ပွားသော အဖြစ်အပျက်တစ်ရပ်သည် မည်ကဲ့သို့လျှင် တောင်ပေါ်ဒေသအတွက် ခြွင်းချက်ဖြစ်နိုင်ပါမည်နည်း။ တောင်ပေါ်နှင့် မြေညီတို့သည် ဒေသအသွင်အပြင်အားဖြင့်သာ ခြားနားနေသကဲ့သို့ရှိသော်လည်း ရေအားဖြင့်လည်းကောင်း၊ မြေအားဖြင့်လည်းကောင်း တစ်ကြောတည်း တစ်သားတည်း ဆက်စပ်နေပေသည်။ မြေညီပိုင်း၌ ပေါင်ကျိုးလျှင် တောင်ပေါ်၌ အနည်းဆုံးတော့ အဆစ်ပြုတ်နိုင်ပေသည်။

ကရင်အိုကြီး တာကောဒီသည် အင်္ဂလိပ်နှင့် ဂျပန်တို့ မြန်မာနိုင်ငံတွင် စစ်ခင်းတိုက်ခိုက်ကြသော အကြောင်းအရာများကို ဆက်စပ်စဉ်းစားနေလေသည်။ သူနှင့်သက်ဆိုင်သော လူ့သမဂ္ဂတွင် အကြီးအကဲနှင့်ခေါင်းဆောင်တစ်ဦးဖြစ်သည့်အားလျော်စွာ တာကောဒီသည် ထိုအကြောင်းအရာနှင့် ကိစ္စများကို မစဉ်းစား၍မဖြစ်ချေ။ သူသည် တာဝန်ရှိရှိ စဉ်းစားရလိမ့်မည်။

မြေညီပိုင်းတွင် အမြောက်သံနှင့် ဗုံးပေါက်ကွဲသံများ ရပ်စဲသွား

mgyoe.com

mgyoe.com
SAMPLE BOOK


ကြသည်မှာ ရက်အတန်ကြာမျှပင် ကြာမြင့်ခဲ့လေပြီ။ အင်္ဂလိပ်အစိုးရမင်း များသည် စစ်ရေးရှုံးနိမ့်ကာ ဆုတ်ခွာထွက်ပြေးသွားကြလေပြီလော။ ဂျပန် လူမျိုးများသည် အင်္ဂလိပ်တို့၏နေရာတွင် ဤတိုင်းပြည်ကို မင်းလုပ် အုပ်ချုပ်လျက်ရှိနေကြလေပြီလော။ မြေညီပိုင်းနှင့် အသွားအလာ အဆက် အသွယ် ပြတ်နေခဲ့သည်မှာ တစ်လသာသာခန့်မျှ ရှိသွားလေပြီဖြစ်၍ မည်သည့်သတင်းနှင့် အကြောင်းကိုမျှလည်း မကြားရချေ။ အင်္ဂလိပ်တို့ သည် ဤတိုင်းပြည်မှ အကယ်ပင် ဆုတ်ခွာထွက်ပြေးသွားကြလေပြီ လော။ ဂျပန်တို့သည် တန်ခိုးအင်အားကြီးမားလှသည်ဆိုသော အင်္ဂလိပ် များကို အပြတ်အသတ်အနိုင်ရရှိကာ ဤတိုင်းပြည်ကို ဆက်လက်အုပ် ချုပ်မင်းလုပ်လျှင် မိမိတို့ သင်တိုင်းဝတ် တောင်ပေါ်ကရင်အမျိုးသားများ သည် ယခင်အင်္ဂလိပ်အစိုးရမင်းများလက်ထက်ကလို ဤတောင်ရိုးများ ပေါ်တွင် အေးအေးချမ်းချမ်းနှင့် လွတ်လွတ်လပ်လပ် လုပ်ကိုင်စား သောက်ခွင့် ရရှိပါဦးမည်လော။ တစ်ကြိမ်ကမူ အင်္ဂလိပ်အစိုးရမင်းများ သည် သမိုင်း၌ ပဝေသဏီအချိန်ကစ၍ ဤရိုးမတောင်တန်းများပေါ် တွင် မိမိတို့ဘာသာဘာဝ တောင်ယာခုတ်ထွင် စိုက်ပျိုးကာ အေးအေး ချမ်းချမ်း လုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြသော သင်တိုင်းဝတ် ကရင် အမျိုးသားများအား သစ်တောများ ထိခိုက်နစ်နာသည်ဟုဆိုကာ မြေညီ ပိုင်းသို့ အတင်းမောင်းထုတ်ရန် ပြုလုပ်ခဲ့ဖူးလေသည်။ ထိုသို့ပြုလုပ်ခြင်း ကို စုပေါင်း၍ ခုခံခဲ့ကြသောကြောင့် မိမိတို့၏ မိရိုးဖလာထုံးစံအတိုင်း ဆက်လက်နေထိုင်ခွင့်ရရှိခဲ့ခြင်းမျှသာ ဖြစ်လေသည်။ ယခုတစ်ဖန် ဂျပန် အစိုးရမင်းများသည် အင်္ဂလိပ်အစိုးရမင်းများနေရာသို့ အစားဝင်လာကြ ပြန်ချေပြီ။ နောက်လာမည့် မောင်ပုလဲသည် ယခင် ဒိုင်းဝန်မင်းထက်ပင် ကဲနေလိမ့်ဦးမည်လော။

မင်းပြောင်းမင်းလွဲဖြစ်နေသော အရေးအခင်းများကိုလည်း တာ

mgyoe.com